# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလကွယ်နေ့၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၁၀ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၀၉)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး




နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် သီပေါတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# မွေးမြူရေးအစာ ကုန်ကြမ်းများရရှိရေး စိုက်ပျိုးရေးလုပ်ငန်းပါ တွဲဖက်ဆောင်ရွက် ခေတ်မီမွေးမြူရေးနည်းပညာရပ်များကို စနစ်တကျအသုံးချမွေးမြူ

# ဒေသတွင်း လုံလောက်စွာ ထုတ်လုပ်ပေးနိုင်သော မွေးမြူရေးဇုန်ကြီးဖြစ်လာရန် ကြိုးပမ်း

နေပြည်တော် ဩဂုတ် ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရာပြည့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဩဂုတ် ၈ရက် နံနက်ပိုင်းက ကလောမြို့မှ မော်တော်ယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ညောင်ရွှေမြို့နယ် တီလောကျေးရွာအုပ်စုရှိ တည်ထောင်ဆဲ ရှမ်းရိုးမမွေးမြူရေးဇုန်သို့ ရောက်ရှိသည်။

**မြန်မာ့အလင်း ဆောင်းပါးအညွှန်း**

BBC အပါအဝင် အနောက်အသံလွှင့်ဌာနတွေရဲ့ ထုတ်လွှင့်ချက်တွေဟာ အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ မရောက်ရောက်အောင် မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ ကျွန်တော်တို့အားလုံး တက်ညီလက်ညီ ကြိုးပမ်းချီတက် တည်ဆောက် အကောင်အထည်ဖော်နေမှုများကို မနာလိုမရှုဆိတ်နိုင်ဘဲ နှောင့်နှေးအောင်၊ ပျက်ပြားအောင်၊ ပြိုကွဲအောင်၊ မမှန်သတင်း၊ လုပ်ကြံသတင်းကောလာဟလများနဲ့ မှိုင်းတိုက် နှောင့်ယှက်ဖျက်ဆီးဟန့်တားဖို့ ကြိုးစားနေတဲ့ ဝါဒဖြန့်အဖျက်လုပ်ရပ်များသာ ဖြစ်ပါတယ်။

မန်းသာစိန်(ဖားပွန်)၏ ဆောင်းပါး (စာ-၈ နှင့် ၉)

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား မွေးမြူရေးဇုန်ခန်းမ၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ရှမ်းရိုးမမွေးမြူရေးဇုန် ဖော်ထုတ်ရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်က ရှမ်းရိုးမမွေးမြူရေးဇုန် အကောင်အထည်ဖော်ရခြင်းရည်ရွယ်ချက်၊ လုပ်ငန်းအလိုက်ဆောင်ရွက်ပြီးစီးမှု၊ ရေနှင့်လျှပ်စစ်မီးရရှိမှုအခြေအနေ၊ လက်ရှိ ဆောင်လုပ်မွေးမြူပြီးအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ●




**နဂါးမောက်စိုက်ခင်း**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဘစ်အမ်ဂရု ဆားဗစ်ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးထားသည့် နဂါးမောက် ၁၀ဧက စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

# အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဩဂုတ် ၁၀ ရက်)

## ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေး ဝိုင်းဝန်းလက်တွဲဆောင်ရွက်

ယနေ့ကျောင်းသားလူငယ်များသည် နောင်အနာဂတ်တွင် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ကို ပခုံးပြောင်းယူကြရမည့်သူများဖြစ်သည်။

ကျောင်းသားလူငယ်များသည် အနာဂတ်နိုင်ငံတော်အတွက် အားထားရသူများဖြစ်ပြီး ကျန်းမာကြံ့ခိုင်၍ အရည်အချင်းပြည့်ဝကြပါမှ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည် ဖြစ်သည်။

အမျိုးသားကျန်းမာရေးစီမံကိန်း လူထုကျန်းမာရေးအဆင့် စောင့်ရှောက်မှုစီမံချက်တွင် တစ်ခုအပါအဝင်ဖြစ်သည့် "ကျောင်းကျန်းမာရေးလုပ်ငန်း"စီမံချက်ဖြင့် ကျောင်းသားလူငယ်များ၏ကျန်းမာရေးကို ဆောင်ရွက်လျက်ရှိပေသည်။

ကလေးများသည် အသက်ငါးနှစ်အရွယ်မှစတင်ကာ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိရာ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းနေပါမှ ကျန်းမာရေးနှင့်ညီညွတ်သောကလေးများ ဖြစ်လာမည်ဖြစ်သည်။

ကျောင်းကျန်းမာရေးလုပ်ငန်းများအဖြစ် ကျောင်းကျန်းမာရေးပညာပေးလုပ်ငန်း၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း၊ ကျောင်းတွင်းအာဟာရ ဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ်ကင်းဝေးရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတို့ကို ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ကျောင်းကျန်းမာရေးအတွက် ကျောင်းများအားလုံးတွင် သန့်လေးသန့်ဖြစ်သည့် ရေသန့်၊ လက်သန့်၊ အစာသန့်နှင့် အိမ်သာသန့်တို့ကို အဓိကထားဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ကျန်းမာသန့်ရှင်းသော ကျောင်းပတ်ဝန်းကျင် ဖြစ်နေရမည်ဖြစ်သည်။ သွေးလွန်တုပ်ကွေးမဖြစ်ပေါ်စေရန် ခြင်ကျားကင်းစင်စေရန်၊ အမှိုက်များကင်းစင်စေရန်၊ အညစ်အကြေးများကင်းရန်တို့ကို အစဉ်သတိပြု ဆောင်ရွက်ကြရမည်ဖြစ်သည်။

အနာဂတ်နိုင်ငံတော်၏ အင်အားများဖြစ်သော ယနေ့ကျောင်းသားလူငယ်များသည် ကျန်းမာကြံ့ခိုင်သော၊ ဉာဏ်ရည်မြင့်မားသော လူငယ်လူရွယ်များဖြစ်ရေး၊ ရောဂါကင်းစင်ပြီး အာဟာရပြည့်ဝသည့် လူငယ်များဖြစ်စေရေးအတွက် ကျောင်းနှင့်ဝန်းကျင် အစဉ်သန့်ရှင်းရေးကို ကျောင်းသား၊ မိဘနှင့် ဆရာ ဆရာမများက ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ကယားပြည်နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ရွေးကောက်ပွဲဆိုင်ရာများ ရှင်းလင်းဆွေးနွေး

**ရန်ကုန် ဩဂုတ် ၉**

ကယားပြည်နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကားဒီးယို၊ အတွင်းရေးမှူး ဦးခင်မောင်ရီနှင့်အဖွဲ့ဝင်များသည် ဩဂုတ် ၇ရက်က ဒီမောဆိုမြို့နယ် စံပြ(၆)မိုင် ကျေးရွာအုပ်စုနှင့် ငွေတောင်ကျေးရွာအုပ်စုတို့သို့ သွားရောက်၍ မဲစာရင်းကောက်ယူထားမှု၊ ရွေးကောက်ပွဲဆိုင်ရာသင်တန်းများ ဖွင့်လှစ်မှုနှင့် မဲရုံနမူနာပုံစံတို့ကို ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများအား ရွေးကောက်ပွဲဆိုင်ရာများကို ရှင်းလင်းဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





## လှူဒါန်း

သာကေတမြို့နယ် ရတနာပုံ ၁လမ်း အခန်း ၀၀၁ တိုက်(၈၀)နေ ဦးကျော်ကျော်မင်း-ဒေါ်ညွန့်ညွန့်ဦး မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ ဩဂုတ် ၂ရက်က အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးလက်ခံယူစဉ်။(ကင်ဆာဖောင်ဒေးရှင်း)

## စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဆွေးနွေးပွဲ မကွေးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၌ ကျင်းပ

**မကွေး ဩဂုတ် ၉**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (ရုံးချုပ်)မှ ကြီးမှူးကျင်းပသော စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဆွေးနွေးပွဲကို ဩဂုတ် ၄ရက်က မကွေးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရုံးချုပ်မှ စိုက်ပျိုးရေးမန်နေဂျာ ဦးတင်ဝင်း ဦးဆောင်သော နည်းပညာအဖွဲ့က မကွေးတိုင်းမန်နေဂျာရုံး၊ မကွေးခရိုင်နှင့် မင်းဘူးခရိုင်ရှိ မြို့နယ်(၁၁)မြို့နယ်မှ စိုက်ပျိုးပညာပေးရေးရုံးများမှ ဝန်ထမ်းများအား မြေဆီလွှာထိန်းသိမ်းရေး၊ သွင်းရေစီမံခန့်ခွဲရေး၊ မျိုးကောင်းမျိုးသန့် သုံးစွဲရေးနှင့် ပိုးမွှားရောဂါကာကွယ်ရေးဘာသာရပ်များ ရှင်းလင်းဆွေးနွေးပို့ချသည်။

### တက်ရောက်

ဆွေးနွေးပွဲတွင် မကွေးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးတင့်လွင်က အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** မကွေးတိုင်းမန်နေဂျာရုံး၊ မင်းဘူးနှင့်မကွေးခရိုင်ရှိ စိုက်ပျိုးပညာပေးရေးရုံးတို့မှ ဝန်ထမ်း ၁၅၈ဦး တက်ရောက်ဆွေးနွေးခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

## ရေလှောင်ကန်တူးဖော်

ဩဂုတ် ၅ရက်က မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ကတုံးပေါ်ကျေးရွာ မြေသားရေလှောင်ကန်တူးဖော်ထားမှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



## မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး တက်ရောက်

**နေပြည်တော် ဩဂုတ် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဩဂုတ် ၄ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့ အမှတ်(၁)ရပ်ကွက်၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

### ကြည့်ရှုအားပေး

အစီအစဉ်အရ တာဝန်ရှိသူတစ်ဦးက သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ပျိုးပင်များကို တပ်နယ် တပ်ရင်း/တပ်ဖွဲ့မှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များထံသို့ လွှဲပြောင်းပေးအပ်ပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက အမှတ်တရပျိုးပင်များကို စိုက်ပျိုးပေးကြကာ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

**(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)**

**၁၁-၈-၂၀၁၀**

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း + ကြေညာချက်
- ၇း၀၅ တရားတော် **(ပုဗ္ဗဏှသုတ်)** ဓမ္မပူဇာတေးပဒေသာ
- ၇း၃၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန် + သတင်း
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၁၀း၀၀ အမှတ်တရတေးလက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၅၂) နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၃၀ ဆိုကြပျော်ရွှင်တေးသံစဉ် တေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် ဂန္ထဝင်ရင်ခုန်သံ(၁၀)
- ၁၂း၂၅ ဇာတ်လမ်းပမာနားဆင်စရာ **(ရှိခြင်း၊ သိခြင်း အကြောင်းတရားများ)**
- ၁၂း၄၅ တေးပဒေသာ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃း၁၀ တေးပဒေသာ
- ၁၃း၃၀ အစီအစဉ်ပြီး၏။
- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
- ၁၇း၀၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ငါးပိကောင်ကင်၊ ငှက်ပျောဖူးဆီပြန်နှင့် ပိန်းရိုးဟင်းခါး)
- ၁၇း၁၀ Current Song
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၀ တေးပဒေသာ
- ၁၇း၃၅ အင်္ဂလိပ်စာသုတပဒေသာ(၁၉)
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၁၀ ချစ်ခြင်းဖြေသိမ့် တေးသံငြိမ့်(၆၂)
- ၁၈း၂၀ ကျေးလက်ဇာတ်လမ်း **လှုပ်လှုပ်ရှားရှား**
- ၁၈း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
- ၁၉း၀၀ နိုင်ငံတကာသတင်း
- ၁၉း၀၅ သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
- ၁၉း၁၅ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ **(ဒါရိုက်တာအကယ်ဒမီ ညီညီထွန်းလွင်)**
- ၁၉း၄၀ တေးပဒေသာ
- ၂၀း၀၀ ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
- ၂၀း၂၀ တေးပဒေသာ
- ၂၀း၅၀ ကျန်းမာရေးရာသိကောင်းစရာ (သရက်သီးရဲ့ ကျန်းမာရေးအကျိုးကျေးဇူးများ) လူမှုရေးဦးတည်ချက်
- ၂၁း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
- ၂၁း၃၀ ညချမ်းချိန်ခါတေးပဒေသာ
- ၂၂း၀၀ အစီအစဉ်ပြီး၏။

## စီးပွားရေးပညာရပ်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၉**

မြန်မာလူငယ် စွန့်ဦးတီထွင်သူများအဖွဲ့ကကြီးမှူး၍ စီးပွားရေးပညာရပ်ဆိုင်ရာ အစီအစဉ် ရေးဆွဲရေးပြိုင်ပွဲကို ဇူလိုင် ၃၁ရက်က ရန်ကုန်မြို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၌ကျင်းပရာ PS စီးပွားရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း အမှုဆောင်အရာရှိချုပ် ဦးမျိုးမင်းဦးက ပထမဆုရရှိသူ Happy Group မှ ဦးထွန်းလင်းအောင် ခေါင်းဆောင်သောအဖွဲ့အား ဂုဏ်ပြုဆုငွေကျပ်လေးသိန်းနှင့် ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**




## တစ်ရှူးငှက်ပျောစမ်းသပ်စိုက်ခင်း

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လားရှိုးမြို့ အမှတ်(၁)ရပ်ကွက် ကုန်းမြင့်(၁) စိုက်ပျိုးရေးဇုန်၌ စိုက်ပျိုးထားသော တစ်ရှူးငှက်ပျောစမ်းသပ်စိုက်ခင်း တစ်ဧက စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ယင်းနောက် တိုင်းမှူးက ရှမ်းရိုးမမွေးမြူရေးဇုန်နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### ကြိုးပမ်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှမ်းရိုးမမွေးမြူရေးဇုန်အတွင်းရှိ မွေးမြူရေးလုပ်ငန်းရှင်များအား လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို အသေးစိတ်မေးမြန်းဆွေးနွေးပြီး ကုန်ကျစရိတ်နှင့်ဝင်ငွေအချိုး ကိုက်ညီမျှတအောင်ဆောင်ရွက်ရေး၊ မွေးမြူရေးအစာကုန်ကြမ်းများရရှိရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများကိုပါတွဲဖက်ဆောင်ရွက်ရေး၊ နို့နှင့်နို့ထွက်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်စေရေး၊ အသားထုတ်လုပ်ရေးလုပ်ငန်းများ




တိုးချဲ့ဆောင်ရွက်ရေး၊ ခေတ်မီမွေးမြူရေးနည်းပညာရပ်များကို စနစ်တကျအသုံးချ မွေးမြူရေး၊ မွေးမြူရေးခြံများအတွင်း ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးသုံးစွဲနိုင်ရေးနှင့် ဒေသတွင်းလုံလောက်စွာစားသုံးနိုင်သည်အထိ ထုတ်လုပ်ပေးနိုင်သော မွေးမြူရေးဇုန်ကြီး တစ်ခုအဖြစ်ဖြစ်ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို အသေးစိတ်မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွေးမြူရေးဇုန်အတွင်းစိုက်ပျိုးရန် ပျိုးထောင်ထားသည့် စားကျက်နမူနာမြက်စိုက်ခင်း၊ တိရစ္ဆာန်အစာဘောစကိုင်းပင်များနှင့် ချယ်ရီပင်၊ ထင်းရှူးပင်၊ စိန်ပန်းပြာပင်၊ ခါတော်မီပင်နှင့် အရိပ်ရနေကာ လေကာပင်များကို ကြည့်ရှုစစ်ဆေးကြသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိရစ္ဆာန်ဆေးပေးခန်းအတွင်း လှည့်လည်ကြည့်ရှု၍ သိရှိလိုသည်များကို မေးမြန်းပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဦးစိုင်းလုံ၏ Neobrown ကြက်မွေးမြူရေးခြံကိုလည်းကောင်း၊ ဦးကွတ်ချိန်၏ လပြည့်ဝန်းရတနာအောင် နွားမွေးမြူရေးခြံကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှမ်းရိုးမမွေးမြူရေးဇုန် ရှုရပ်ကုန်းမြင့်မှနေ၍ ဇုန်အတွင်းမွေးမြူရေးခြံများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ဟဲဟိုးမြို့မှ ထွက်ခွာခဲ့ရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့သို့ ရောက်ရှိသည်။

### သီပေါတံတားစီမံကိန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ နံနက် ၉နာရီ ၄၅မိနစ်တွင် လားရှိုးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ သီပေါတံတားတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က သီပေါတံတားတည်ဆောက်နေမှုနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးဆောင်ရွက်ပေးမှုများကို ရှင်းလင်းတင်ပြသည်။

### ဖြည့်စွက်ရှင်းလင်း

ယင်းနောက် အေးရှားဝေါလ်ကုမ္ပဏီဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က တံတားတည်ဆောက်ပြီးစီးမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က တံတားတည်ဆောက်သည့်နေရာ၌ အောက်ခံကျောက်မြေသားဖြစ်၍ သတ်မှတ်စံချိန်စံညွှန်းပြည့်ဝအောင် ဆောင်ရွက်ရေး၊ ဤလမ်းမကြီးသည် နယ်စပ်ကုန်သွယ်ရေးအတွက် အဓိကလမ်းမကြီးဖြစ်၍ လုပ်ငန်းအဆင့်တိုင်းတွင် အရည်အသွေးစစ်ဆေးမှုများကို အထူးဂရုပြုဆောင်ရွက်သွားရန် မှာကြားသည်။

### ဖြတ်သန်းကြည့်ရှု

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီပေါတံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ဒုဋ္ဌဝတီမြစ်ကူး ပွန်တွန်းတံတားကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

### ၆၅ ရာခိုင်နှုန်းပြီးစီး

သီပေါတံတားသည် ကြိုးတင်အားဖြည့် ကွန်ကရစ်ရက်မနှင့် သံမဏိသံပေါင်တံတားဖြစ်ပြီး တံတားအုတ်မြစ်ကို လွန်တူးသံကူကွန်ကရစ်ဘိုးပိုင်ဖြင့် ဆောက်လုပ်ထားသည်။ တံတားအရှည်မှာ ၅၆၇ ပေရှိပြီး လူသွားလမ်းအကျယ် တစ်ဖက်လျှင်ငါးပေစီ အပါအဝင် တံတားအကျယ်မှာ ၃၈ ပေရှိသည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန်မှာ တန် ၆၀ ဖြစ်ပြီး တံတားတည်ဆောက်မှုအနေဖြင့် လုပ်ငန်းစီမံကိန်းတစ်ခုလုံး၏ ၆၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

### နဂါးမောက်စိုက်ခင်း

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဘစ်အမ်ဂရုဆားဗစ်ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးထားသည့် နဂါးမောက် ၁၀ ဧကစိုက်ခင်းသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် လားရှိုးမြို့ အမှတ်(၁)ရပ်ကွက် ကုန်းမြင့် (၁)စိုက်ပျိုးရေးဇုန်၌ စိုက်ပျိုးထားသော တစ်ရှူးငှက်ပျော စမ်းသပ်စိုက်ခင်း တစ်ဧကစိုက်ပျိုးထားရှိမှုကို ဝင်ရောက်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

## မွေးမြူရေးခြံများ

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စုရှိ ရှမ်းရိုးမ မွေးမြူရေးဇုန် ရှုရပ်ကုန်းမြင့်မှ ဇုန်အတွင်း မွေးမြူရေးခြံများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

### လက်ဖက်ထွက်ကုန်

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေလီရိပ်သာ၌ ခင်းကျင်းပြသထားသည့် တန့်ယန်းဒေသမှ ထွက်ရှိသော အဆင့်မြင့်လက်ဖက်ထွက်ကုန်ပစ္စည်းများဖြစ်သည့် လက်ဖက်အချိုခြောက်၊ သဘာဝအလှော်ခြောက်နှင့် အဆင့်မြင့်လှော်သင်းမွှေးတို့ကို ကြည့်ရှုကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**

## ကြိုဆို နှုတ်ဆက်

**ဩဂုတ် ၉ရက်က စင်ကာပူသမ္မတနိုင်ငံ၏ (၄၅)နှစ်မြောက် နှစ်ပတ်လည် အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးတို့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Robert Chua Hian Kong ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)



10-8 (03).pmd 1 8/10/2010, 2:50 AM

# အီရန် ရေငုပ်သင်္ဘောလေးစင်း စတင်ရေချ
# ပါရှန်ပင်လယ်ကွေ့ ရေပြင်လုံခြုံရေး တာဝန်ယူမည်

*တီဟီရန် ဩဂုတ် ၉*

*ပါရှန်ပင်လယ်ကွေ့၌ ပြည်တွင်းလုပ် အလတ်စားရေငုပ်သင်္ဘောလေးစင်းကို အီရန်နိုင်ငံက ဩဂုတ် ၈ရက်၌ စတင်ရေချလိုက်ပြီဖြစ်ကြောင်း အီရန်စစ်ဘက်က သတင်းထုတ်ပြန်သည်။ (အောက်ပုံ)*

*ပြသ*

*အီရန်စစ်ဘက်၏ စွမ်းရည်ထက်မြက်မှုနှင့် ခေတ်မီတိုးတက်မှုကို ဖော်ညွှန်းပြသသည့် ဆောင်ရွက်မှုတစ်ရပ်အနေဖြင့် ရေငုပ်သင်္ဘောများကို စတင်ရေချလိုက်ခြင်းဖြစ်သည်ဟု အီရန်စစ်ဘက်မှ ဗိုလ်မှူးချုပ် အာမက်ရီဇာဗာဟီဒီက ပြောကြားသည်။*

*ပစ်ခတ်နိုင်*

*အဆိုပါ အလတ်စားရေငုပ်သင်္ဘောများသည် တော်ပီဒိုဒုံးကျည်များကို တင်ဆောင်ထားပြီး ပစ်မှတ်ကိုထိရောက်စွာ ပစ်ခတ်နိုင်ကြောင်း ဗာဟီဒီက ဆက်လက်ပြောကြားသည်။*

*ရေချလိုက်သည့် ရေငုပ်သင်္ဘောလေးစင်းကြောင့် အီရန်ရေတပ်၏ စွမ်းပကားကို တိုးမြှင့်စေကြောင်း၊ လက်ရှိအချိန်၌ အိုမန်ကမ်းလွန်နှင့် ပါရှန်ပင်လယ်ကွေ့ ရေပိုင်နက်လုံခြုံရေးကို ၎င်းရေငုပ်သင်္ဘောလေးစင်းက ပူးတွဲတာဝန်ယူမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ (အင်တာနက်)*



# ရုရှားတောမီးများ ကူညီငြှိမ်းသတ်ရန် ရဟတ်ယာဉ်နှစ်စင်း တူရကီစေလွှတ်

**အင်ကာရာ ဩဂုတ် ၉**

တောမီးများ လောင်ကျွမ်းနေသော ရုရှားနိုင်ငံသို့ တူရကီနိုင်ငံက မီးငြှိမ်းသတ်ရေးအတွက် ရဟတ်ယာဉ်နှစ်စင်းကို ဩဂုတ် ၈ရက်၌ စေလွှတ်လိုက်ကြောင်း တူရကီနိုင်ငံ သစ်တောနှင့် ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးဌာနက ဩဂုတ် ၈ရက်၌ သတင်းထုတ်ပြန်သည်။

**ပြောကြား**

တူရကီဝန်ကြီးချုပ် ရီဆက်တေယစ်အင်ဒိုဂင်က ရုရှားသမ္မတ ပူတင်ထံသို့ ဖုန်းဖြင့် ဆက်သွယ်ကာ တောမီးလောင်ကျွမ်းမှုအပေါ် အကူအညီစေလွှတ်မည့်အကြောင်းကို ပြောကြားခဲ့သည်။

**ပျံသန်း**

အဆိုပါ ရဟတ်ယာဉ်နှစ်စင်းသည် တူရကီနိုင်ငံအနောက်ပိုင်း အီဇာက်မီဟာပြည်နယ်နှင့် အန်တာယာပြည်နယ်များမှ ရုရှားနိုင်ငံရှိ တောမီးများလောင်ကျွမ်းရာဒေသများသို့ ပျံသန်းထွက်ခွာသွားသည်။

ရုရှားနိုင်ငံတောင်ပိုင်းတွင် အပူချိန် ဒီဂရီ ၄၀ဆဲလ်စီးရပ်စ်အထိ မြင့်တက်နေသဖြင့် တောမီးလောင်ကျွမ်းမှုမှာ မထိန်းချုပ်နိုင်ဘဲ ရှိနေဆဲပင်ဖြစ်သည်။

**(အင်တာနက်)**



တရုတ်နိုင်ငံ အင်ယန်မြို့ပြင်၌ နိုင်ငံတကာလေဟုန်စီးပြိုင်ပွဲ ကျင်းပရာ ပြိုင်ပွဲဝင်နေသူတစ်ဦးကို ဩဂုတ် ၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

# စင်ကာပူ စီးပွားရေး ၁၇ရာခိုင်နှုန်းမြင့်တက်

**စင်ကာပူ ဩဂုတ် ၉**

စင်ကာပူနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ယခုနှစ် ပထမခြောက်လအတွင်း ၁၇ဒသမ၉ရာခိုင်နှုန်းရှိကြောင်း စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက ဩဂုတ် ၈ရက်၌ ပြောကြားသည်။

**ခန့်မှန်း**

စင်ကာပူအစိုးရက တစ်နှစ်လုံး စီးပွားရေးတိုးတက်မှုကို ၁၃ရာခိုင်နှုန်းမှ ၁၅ရာခိုင်နှုန်း တိုးတက်ရန် ခန့်မှန်းထားကြောင်း ဝန်ကြီးချုပ်က အမျိုးသားနေ့သဝဏ်လွှာ ပေးပို့ရာတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံ၏ (၄၅)နှစ်မြောက် အမျိုးသားနေ့သည် ဩဂုတ် ၉ရက်တွင် ကျရောက်ကြောင်း သိရသည်။ **(အင်တာနက်)**

# ကြီးမားသော ရေလှိုင်းများကြောင့် ဖိလစ်ပိုင်၌ ကုန်တင်သင်္ဘောတစ်စင်း ပျောက်ဆုံး

**မနီလာ ဩဂုတ် ၉**

ရာသီဥတုဆိုးရွားပြီး ရေလှိုင်းကြီးများဖြစ်ပေါ်မှုကြောင့် ကုန်တင်သင်္ဘောတစ်စင်းပျောက်ဆုံးခဲ့ရာ ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က လိုက်လံရှာဖွေလျက်ရှိကြောင်း ဩဂုတ် ၈ရက်၌ သတင်းထုတ်ပြန်သည်။

**ပြတ်တောက်**

အဆိုပါ ကုန်တင်သင်္ဘောတွင် သင်္ဘောသား ၁၆ဦးပါရှိပြီး အင်ဂျင်ချွတ်ယွင်းမှုဖြစ်ကာ သတင်းချိတ်ဆက်မှုပြတ်တောက်သွားကြောင်း၊ အဆက်အသွယ်ပြတ်တောက်သွားသည့် နေရာမှာ ဖိလစ်ပိုင်နိုင်ငံ ဒို့စ်ဟာမာနက်စ် ကျွန်းအနီးတွင်ဖြစ်ကြောင်း ရေကြောင်းအရာရှိများက ပြောကြားသည်။

၎င်းကုန်တင်သင်္ဘောသည် မနီလာမြို့မှ ဖိလစ်ပိုင်နိုင်ငံ စီဘူးလ်မြို့သို့ ခုတ်မောင်းလာစဉ် ကြီးမားသော ရေလှိုင်းကြီးများ ရိုက်ပုတ်မှုကြောင့် အဆက်အသွယ် ပြတ်တောက်ကာ ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

ပျောက်ဆုံးသွားသော အဆိုပါ ကုန်တင်သင်္ဘော တစ်စင်းကို ရဟတ်ယာဉ်တစ်စင်းနှင့် သင်္ဘောသုံးစင်းတို့က လိုက်လံရှာဖွေလျက်ရှိသည်။ **(အင်တာနက်)**

# အစ္စရေးနိုင်ငံအား ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှု
# ရပ်ဆိုင်းမည်မဟုတ်ကြောင်း ဂျီဟက်အဖွဲ့ပြောကြား

ဂါဇာ ဩဂုတ် ၉

**အစ္စရေးနိုင်ငံသို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကို မိမိတို့ရပ်ဆိုင်းမည်မဟုတ်ကြောင်း ပါလက်စတိုင်းရှိ ဂျီဟက်လက်နက်ကိုင်အဖွဲ့က ဩဂုတ် ၈ရက်၌ ပြောကြားလိုက်သည်။**

**ပြောကြား**

အစ္စရေးနိုင်ငံသို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်နေမှုလုပ်ရပ်ကို ပြောင်းလဲမည်မဟုတ်ကြောင်း၊ မိမိတို့၏ အဓိကတိုက်ခိုက်ရေး ပစ်မှတ်ဖြစ်ကြောင်း ဂါဇာအခြေစိုက် အစ္စလာမ့်စ်ဂျီဟက် လက်နက်ကိုင်အဖွဲ့မှ ဒါဝုဒ်ရှီဟက်က ပြောကြားသည်။

**တိုးမြှင့်ပြုလုပ်**

ပါလက်စတိုင်း ဂါဇာကမ်းမြောင်ဒေသတွင် လက်နက်ကိုင် အဖွဲ့နှစ်ဖွဲ့ဖြစ်သော ဟားမတ်စ်နှင့်ဂျီဟက်တို့အတွင်း ရပ်တည်ချက်မတူဘဲ ကွဲပြားလျက်ရှိသည်။ ဟားမတ်စ်တို့က အစ္စရေးတို့အား ဒုံးကျည်များဖြင့် ပစ်ခတ်မှုကို ရပ်ဆိုင်းထားသည်။ ဂျီဟက်အဖွဲ့က ပစ်ခတ်မှုကို တိုးမြှင့်ပြုလုပ်လျက်ရှိသည်။

**လျှော့ချ**

ဂါဇာဒေသကို ၂၀၀၇ခုနှစ်ကတည်းက ထိန်းချုပ်ထားနိုင်ခဲ့သော ဟားမတ်စ်အဖွဲ့က ပြီးခဲ့သည့် နှစ်ကတည်းက ပစ်ခတ်တိုက်ခိုက်မှုများ လျှော့ချထားခဲ့သည်။ **(အင်တာနက်)**



စက်ရုပ်ပြသထား

တရုတ်နိုင်ငံ ပေကျင်းမြို့ စက်ရုပ်ပြပွဲတွင် စွန့်ပစ်မော်တော်ကား ပစ္စည်းအစိတ်အပိုင်းများဖြင့် ပြုလုပ်ထားသော စက်ရုပ်ပြသထားသည်ကို ဩဂုတ် ၉ရက်က တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)



နယူးယောက်မြို့ မီရာဒေါ်စ်ရေအိုင်ကြီးအတွင်း နဂါးလှေပြိုင်ပွဲ ကျင်းပရာ အကြိတ်အနယ် ဆင်နွှဲနေကြသူများကို ဩဂုတ် ၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

# အီရတ်၌ ဗုံးပေါက်ကွဲ၍ ၄၃ဦး သေဆုံး

**ဘာဆရာ ဩဂုတ် ၉**

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့ရှိ ဈေးတစ်ခုတွင် ဩဂုတ် ၇ရက်က ဗုံးများဆက်တိုက်ပေါက်ကွဲခြင်းကြောင့် သေဆုံးသူ ၄၃ဦးရှိသွားပြီဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ပထမပေါက်ကွဲမှုသည် လမ်းဘေးဗုံးပေါက်ကွဲခြင်းဖြစ်ပြီး ၎င်းနောက် ကားဗုံးနှစ်လုံးထပ်မံပေါက်ကွဲခြင်းဖြစ်ကြောင်း သိရသည်။ ယင်းပေါက်ကွဲမှုများကြောင့် ဒဏ်ရာရရှိသူ ၁၈၅ဦးရှိသွားပြီဖြစ်ကြောင်း အာဏာပိုင်များက သတင်းထောက်များအား ပြောကြားသည်။ ထို့နောက် ဩဂုတ် ၈ရက်ကဖြစ်ပွားသော သီးခြားဖြစ်ရပ်တစ်ခုတွင် ဘဂ္ဂဒက်မြို့အရှေ့ဘက် ရာမာဒီမြို့၌ အသေခံကားဗုံးပေါက်ကွဲမှုကြောင့် ခြောက်ဦး သေဆုံးခဲ့သည်ဟု ဆိုသည်။

**(အင်တာနက်)**

10-8 (04).pmd 1 8/10/2010, 2:50 AM

မြန်မာ့အလင်း

# နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

## နာဂါစကီမြို့၌ အဏုမြူအထိမ်းအမှတ်ပွဲကျင်းပ

*ဂျပန်နိုင်ငံ နာဂါစကီမြို့တွင် (၆၅)နှစ်မြောက် အဏုမြူဗုံးကြဲချမှုအထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၉ရက်က ကျင်းပရာ နိုင်ငံတကာမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။*

## ဂျာမနီနိုင်ငံ မိန့်မြို့အနီး ရဟတ်ယာဉ်ပျက်ကျ

*ဂျာမနီနိုင်ငံ မိန့်မြို့အနီးတွင် ဩဂုတ် ၉ရက် နံနက်က ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသည့် လေယာဉ်မှူးသေဆုံးခဲ့ကြောင်း ဂျာမနီ လေကြောင်းအရာရှိများက ပြောကြားသည်။* ***(အောက်ပုံ)***



## ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာဈေးနှုန်းအနည်းငယ်ကျဆင်း

***ကမ္ဘာ့ဈေးကွက်တွင် အမေရိကန်ဒေါ်လာ ဈေးနှုန်းများ ကျဆင်းလျက်ရှိရာ ဩဂုတ် ၉ရက်က ဂျပန်နိုင်ငံ တိုကျိုဈေးကွက်၌ ဂျပန်ယန်းငွေ ၈၅ယန်းလျှင် အမေရိကန် တစ်ဒေါ်လာအထိ ကျဆင်းခဲ့ကြောင်း ဂျပန်အရာရှိများက သတင်းထုတ်ပြန်သည်။***

## အစ္စရေးတို့က လက်ဘနွန်ငါးဖမ်းသင်္ဘောများအားပစ်ခတ်

*အစ္စရေးတပ်ဖွဲ့ဝင်များက ဩဂုတ် ၉ရက် နံနက်က ပါရှန်ပင်လယ်ကွေ့အတွင်း ငါးဖမ်းနေသော လက်ဘနွန်ငါးဖမ်းသင်္ဘောများကို ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ထိခိုက် ဒဏ်ရာရရှိမှုမရှိကြောင်း လက်ဘနွန်အရာရှိများက ပြောကြားသည်။*

## ပါကစ္စတန်အနောက်မြောက်ပိုင်း၌ မြေပြို

***ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ဩဂုတ် ၉ရက်က မြေပြိုမှုများဖြစ်ပွား ခဲ့ရာ ဒေသခံ ၅၃ဦး သေဆုံးခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။***

## တောင်ကိုရီးယား ငါးဖမ်းသင်္ဘောပျောက်ဆုံး

*တောင်ကိုရီးယားနိုင်ငံ အရှေ့ပိုင်းကမ်းလွန်တွင် ငါးဖမ်းနေသော သင်္ဘောသား ခုနစ်ဦးပါရှိသည့် တောင်ကိုရီးယားငါးဖမ်းသင်္ဘောတစ်စင်းမှာ ဩဂုတ် ၉ရက်က ပျောက်ဆုံးသွားခဲ့ကြောင်း၊ ရှာဖွေမှုများ ပြုလုပ်လျက်ရှိကြောင်း တောင်ကိုရီးယား အရာရှိများက ပြောကြားသည်။*

## ဆိုမာလီဓားပြများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များတိုက်ခိုက်

***အေဒင်ပင်လယ်ကွေ့ရေပြင်တွင် ဩဂုတ် ၉ရက်က ဆိုမာလီပင်လယ်ဓားပြများ၏ အမြန်ရေယာဉ်နှစ်စင်းနှင့် ဥရောပသမဂ္ဂရေကြောင်းလုံခြုံရေးတပ်ဖွဲ့ဝင်များ အပြန်အလှန် တိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း၊ ဆိုမာလီဓားပြများ ဒဏ်ရာရရှိခဲ့သော်လည်း လွတ်မြောက်သွားခဲ့ကြောင်း သတင်းထုတ်ပြန်သည်။***

## အင်ဒိုနီးရှားတွင် ကုန်းတိုရေယာဉ်နစ်မြုပ်

*အင်ဒိုနီးရှားနိုင်ငံ အရှေ့နုဆာတင်ဂါရာခရိုင်အတွင်း ဩဂုတ် ၉ရက်က ခရီးသည် ၅၀ တင်ဆောင်လာသော ကူးတို့ရေယာဉ်တစ်စင်း နစ်မြုပ်ခဲ့ရာ ၁၀ဦးသေဆုံးပြီး ကျန်လူများ ပျောက်ဆုံးလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က ပြောကြားသည်။*

## ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းမြင့်တက်

***ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်းများ ပြန်လည်မြင့်တက်လျက်ရှိရာ တရုတ်နိုင်ငံ ဟောင်ကောင်ဈေးကွက်၌ ဩဂုတ် ၉ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၀၅ ဒသမ ၆၆အထိ ရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။*** ။

*(အင်တာနက်)*



**တွေ့ဆုံဆွေးနွေး**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ကူဝိတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Sheikh Ali Abdullah Al- Ahmed Al-Sabah တို့ မြန်မာ-ကူဝိတ် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပထမအကြိမ် ညှိနှိုင်း ဆွေးနွေးပွဲတွင် တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

# နိုင်ငံခြားရေး ဒုတိယဝန်ကြီး ဦးမောင်မြင့် ကူဝိတ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

# နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး ဆွေးနွေး ဒေသအတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့

**နေပြည်တော် ဩဂုတ် ၉**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၃ရက်မှ ၅ရက်အထိ ကူဝိတ်နိုင်ငံသို့ တရားဝင်ခရီးသွားရောက်ခဲ့ပြီး ဩဂုတ် ၆ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြသည်။

၂၀၀၈ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့သော ကူဝိတ်ဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း နှစ်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများ လက်မှတ်ရေးထိုးခဲ့ကြသော မြန်မာ-ကူဝိတ် နှစ်နိုင်ငံ ပုံမှန်ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ မြန်မာ-ကူဝိတ် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ကူဝိတ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး His Excellency Sheikh Ali Abdullah Al-Ahmed Al-Sabah တို့ဦးဆောင်၍ ဩဂုတ် ၄ရက်တွင် ကူဝိတ်နိုင်ငံခြားရေး ဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။

### အမြင်ချင်းဖလှယ်

အဆိုပါဆွေးနွေးပွဲ၌ နှစ်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများသည် ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး ပိုမိုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှုနှင့် ပညာရေး၊ နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ဒေသအတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့အပြင် ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေအပါအဝင် ပြည်တွင်းဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ကူဝိတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား ရှင်းလင်းပြောကြားခဲ့သည်။

အစည်းအဝေးအပြီးတွင် ကူဝိတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး His Excellency Sheikh Ali Abdullah Al- Ahmed Al-Sabah သည် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဒုတိယဝန်ကြီးသည် ဩဂုတ် ၃ရက် ညနေပိုင်းတွင် ကူဝိတ်မြို့ရှိ မြန်မာသံရုံးသို့ သွားရောက်ခဲ့ပြီး သံရုံးယာယီတာဝန်ခံ ဦးခင်မောင်လင်းနှင့် သံရုံးဝန်ထမ်းများ၊ မိသားစုများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ဒုတိယဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်စိုးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များလည်း ပြန်လည် လိုက်ပါခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု ကျေးရွာလုံးကျွတ်သစ်ပင်စိုက်ပျိုးပွဲ မြဝတီ၌ကျင်းပ



**မြဝတီ ဩဂုတ် ၉**

မြဝတီခရိုင် မြဝတီမြို့နယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု ကျေးရွာလုံးကျွတ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၂၈ ရက်က ဇရပ်ဖြူကုန်းကျေးရွာ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဂျွန်ထွန်းဦးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်၊ကျေးရွာ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဒေသခံကျေးရွာနေပြည်သူများ တက်ရောက်ကြပြီး ကျွန်းပင်၊ ထင်းရှူးပင်နှင့် ယူကလစ်ပင် စုစုပေါင်း ၃၅၀၀ စိုက်ပျိုးကြသည်။ **(အပေါ်ပုံ) (၁၀၁)**

## မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာသင်တန်း ဗန်းမော်မြို့၌ဖွင့်လှစ်

**ဗန်းမော် ဩဂုတ် ၉**

ဗန်းမော်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသည့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း အသိပညာပေးခြင်းနှင့် အမူအကျင့် ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၀ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးမြကြည်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စော ဥမ္မာခင်က မျိုးဆက်ပွား ကျန်းမာရေးစီမံချက်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဌာန ခုခံကျကာလသားအဖွဲ့ခေါင်းဆောင် ဒေါက်တာ နီလာမောင်က မျိုးဆက်ပွားကျန်းမာရေး အကြောင်း ဆွေးနွေးခဲ့သည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## အိမ်ရာဒီဇိုင်းပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၉**

မလေးရှားနိုင်ငံ အခြေစိုက် ASEAN Academy of Engineering and Technology (AAET) အဖွဲ့က ကြီးမှူး၍ ဝင်ငွေနည်း အများပြည်သူ လက်လှမ်းမီပြီး သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် တန်ဖိုးနည်း နေအိမ်စိတ်ကူးဒီဇိုင်း ပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နေအိမ်ဒီဇိုင်းပြိုင်ပွဲတွင် မြို့ပြအင်ဂျင်နီယာဘာသာရပ်နှင့်ဗိသုကာဘာသာရပ်အထူးပြု ဘွဲ့ရ/ဘွဲ့ကြိုကျောင်းသား ကျောင်းသူများအနေဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ အုပ်စုဖြင့်သော်လည်းကောင်း ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ယှဉ်ပြိုင်သူသည် စက်တင်ဘာ ၇ရက်တွင် အသက် ၃၀ထက် မကျော်သူဖြစ်ရမည်။ ပြိုင်ပွဲဝင် စိတ်ကူးဒီဇိုင်းများကို Hard Copy, Soft Copy များဖြင့် စက်တင်ဘာ ၇ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း လှိုင်မြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ ပေးပို့ရမည် ဖြစ်သည်။

### ဆက်သွယ်စုံစမ်းနိုင်

ကနဦးအကောင်းဆုံး ဒီဇိုင်းသုံးခုကို စက်တင်ဘာ ၉ရက်တွင် စိစစ်ရွေးချယ်ကြေညာပြီး AAET အဖွဲ့ဖြင့် နောက်ဆုံးရွေးချယ်ခံရသော ဒီဇိုင်းများအား ပထမဆု USD ၅၀၀၀၊ ဒုတိယဆု USD ၃၀၀၀၊ တတိယဆု USD ၂၀၀၀နှင့် နှစ်သိမ့်ဆု USD ၁၀၀ (ဆု-၃၀)ကို ချီးမြှင့်မည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း- ၅၁၉၆၇၃-၆၊ ၀၉-၅၁-၄၁၃၂၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အောင်သီရိ(က)လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမောင်စိုး ကွင်းဆင်းကြီးကြပ်စဉ်။** (သတင်းစဉ်)



# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၉

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်သည် ဇူလိုင် ၃၁ ရက်က လားရှိုးမြို့ပေါ် အမှတ်(၁၁)ရပ်ကွက်၊ အမှတ်(၉)ရပ်ကွက်နှင့် အမှတ်(၁၂) ရပ်ကွက်များအတွင်း ဌာနဆိုင်ရာများနှင့် ရပ်ကွက်ပြည်သူများစုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ခြင်ထောင်ဆေးရည်စိမ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းနှင့် သောက်သုံးရေတွင်း၊ ရေကန်များ ပိုးလောက်လမ်းသေ ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## မှာကြား

ဆက်လက်၍ လားရှိုးမြို့နယ် ဟိုပိတ်ကျေးရွာ ဘက်စုံစံပြစိုက်ခင်းသို့ရောက်ရှိပြီး စံပြစိုက်ခင်းအတွင်း မိုးစပါးစိုက်ခင်းနှင့် တစ်သျှူးငှက်ပျောများ စိုက်ပျိုးထားရှိမှုအခြေအနေနှင့် ကြံစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မယ်ဟန်ကျေးရွာ အမှတ်(၂) ကုန်းမြင့်ယာမြေစိုက်ပျိုးရေးစီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ညောင်ဦးနှင့် ချောက်မြို့တို့ရှိ ဘဏ်လုပ်ငန်းများ ဝန်ကြီး ဦးလှထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းသည် ဩဂုတ် ၇ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်း ညောင်ဦးမြို့နယ် မြန်မာ့စီးပွားရေးဘဏ် ခရိုင်ဘဏ်ခွဲသို့ ရောက်ရှိရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် ဘဏ်ခွဲမန်နေဂျာတို့က ငွေစုဘဏ်လုပ်ငန်း၊ ဘဏ်ငွေလွှဲလုပ်ငန်းနှင့် ငွေပေးအမိန့်လုပ်ငန်းများ အပါအဝင် ဘဏ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ဘဏ်နှင့် ဆက်သွယ်သူပြည်သူများအား ချိုသာပျူငှာစွာ ပြောဆိုဆက်ဆံ၍ ဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် ဘဏ်လုပ်ငန်းကဏ္ဍက အထောက်အကူပြုရေးအတွက် အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ ညောင်ဦးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကြည့်ရှုစစ်ဆေးရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးတို့က ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီးသည် ဩဂုတ် ၈ရက် နံနက်ပိုင်းတွင် မကွေးတိုင်း ချောက်မြို့နယ် မြို့နယ်ဘဏ်ခွဲနှင့် မြို့နယ်အခွန်များ ဦးစီးဌာနမှူးရုံးတို့သို့ ရောက်ရှိပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**



# ခရမ်းမြို့နယ် ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်များ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၉

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ရုံး၌ ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ် လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၅ရက် နံနက် ၁၀နာရီက ကျင်းပသည်။

## ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အလှူရှင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပေးပို့လှူဒါန်းသော ငွေကျပ်သုံးသိန်းတန်ဖိုးရှိ (ခင်မောင်မြင့်-စစ်ကိုင်း) ပြုစုတင်ပြသည့် ဟင်နရီကစ်ဆင်းဂျား၏ နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာ ကွပ်ကဲမှုစာအုပ် အုပ်ရေ ၁၀၀ကို အလှူရှင်ကိုယ်စား ခရမ်းမြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေ (ခရမ်းမောင်ကြည်မော်)က ပေးအပ်လှူဒါန်းရာ မြို့နယ် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ထွေးက လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့**

# အော်ဂဲနစ်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေး နည်းပညာပေးသင်တန်း မင်္ဂလာဒုံ၌ဖွင့်

ရန်ကုန် ဩဂုတ် ၉

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံ မြို့နယ်တွင် အော်ဂဲနစ် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေး နည်းပညာပေး သင်တန်းကို ဩဂုတ် ၄ရက် မွန်းလွဲ ၁နာရီက နွယ်ခွေကျေးရွာရပ်ကွက်ရုံး၌ ကျင်းပ ရာ အဆိုပါသင်တန်းတွင် မြန်မာ့စိုက်ပျိုး ရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးတင်အောင် ဝင်းက သင်တန်းဖွင့် အမှာစကားပြောကြား ပြီး စိုက်ပျိုးရေးပညာရှင်များဖြစ်သည့် ဒုတိယတိုင်းမန်နေဂျာ ဦးမျိုးညွန့်နှင့် ဦးအောင်ကျော်ဦး၊ VFRDC မှ စီမံကိန်း မန်နေဂျာ ဦးလှဆန်း၊ သီးနှံကာကွယ်ရေး ဌာနခွဲ ပညာရှင်များမှ သက်ဆိုင်ရာ ဘာသာ ရပ်အလိုက် နည်းပညာပေး ဟောပြော ပို့ချသည်။ **(အောက်ပုံ)**

## ပူးပေါင်းဆောင်ရွက်

အဆိုပါသင်တန်းသို့ ဟင်းသီး ဟင်းရွက်စိုက်ပျိုးသည့် တောင်သူ ၃၀ တက်ရောက်ပြီး စာတွေ့၊ လက်တွေ့သင်ယူ ကြသည်။ ယခုအခါ မင်္ဂလာဒုံမြို့နယ် နွယ်ခွေကျေးရွာရှိ တောင်သူများမှာ ဓာတု ဆေးလွတ် ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ်ခြင်းကို ဟင်းသီးဟင်းရွက် စိုက်ပျိုးသူများနှင့် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။ **(ခရိုင် ပြန်/ဆက်)**



# ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၉

မြန်မာပို့စ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၀)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် စားသုံးဆီဆိုတိုင်း စားသုံးဖို့မသင့်၊ ပုံးဝါဆီနှင့် အချို့ ဆီများ ဆီဟောင်းကို ပြန်လည်သန့်စင်ထားခြင်းဖြစ်၊ ကျန်းမာရေး ထိခိုက်နိုင်သည့် ဆီအချို့ ဈေးကွက်ထဲမှဖယ်ရှား မျက်နှာဖုံးဆောင်းပါး၊ မိခင်နှင့်ကလေး ကျန်းမာ ဖွံ့ဖြိုးရေး ထိထိရောက်ရောက် အသိပညာပေး၊ ထုတ်ဝေသူ၊ ပုံနှိပ်သူနှင့် ဖြန့်ချိသူ မြစ်ကြီးသုံးသွယ် ပေါင်းစည်းညီညွတ် လက်တွဲကြိုးပမ်းလျှင် လုပ်ငန်း ပိုမိုဖွံ့ဖြိုး တိုးတက်မည်၊ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ဒုတိယအဆင့် အဆင့်မြင့် ကြိုတင်အားဖြည့် ဖိုင်ဘာပိုက် မြေအောက်လိုင်းများ စတင်ဆက်သွယ် နေပြီ စသည့် မျက်နှာဖုံးသတင်းများ၊ မောင်စူးစမ်း၊ မောင်ဝံသ၊ ကြည်ခင်၊ ဒေါက်တာ သက်လွင်၊ ဘုံတောင်မြေနေ ဦးခက်တို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် ၂၀၁၀ခုနှစ် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ စောရွှေသန်း(အလုံ)၏ ပြောရေးဆိုခွင့်ရှိသူများ၊ မောင်မောင်စိုး၏ စည်းရုံးလှုပ်ရှား နိုင်ငံရေးပါတီများ (အမျိုးသားဒီမိုကရေစီအင်အားစု)နှင့် အမျိုးသားဒီမိုကရေစီအင်အားစုမှ နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင် ဦးစိန်လှဦးနှင့်တွေ့ဆုံခြင်း ဆောင်းပါးတို့ကို ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်း ပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နိုင်ငံ တကာအားကစား၊ ကမ္ဘာ့တစ်လွှားထူးခြားဖြစ်ရပ်များ စသည့် ကဏ္ဍများကို ဝေဝေ ဆာဆာ ဖော်ပြထားသည်။

ထို့အပြင် လတ်တလောအပြောင်းအလဲကြောင့် ကျွမ်းကျင်ဘဏ်ဝန်ထမ်းများ လိုအပ်၊ မြန်မာ့နီကယ်သတ္တုထုတ်လုပ်ရေး၌ ကမ္ဘာ့အကြီးဆုံး စတီးလ်ကုမ္ပဏီ ဒေါ်လာ သန်း ၈၀၀ ရင်းနှီးမြှုပ်နှံမည်၊ တစ်နှစ်လျှင် တန်ချိန် ၈၅၀၀၀ ထုတ်လုပ်မည်၊ လာမည့်ပွင့်လင်းရာသီတွင် ယခင်နှစ်များကထက် လျှပ်စစ်ဓာတ်အား တိုးမြှင့် ရဖွယ်ရှိ၊ ဇူလိုင်လကုန်အထိ စည်းကမ်းဖောက်ဖျက်သည့် ယာဉ်မောင်းနှင့် ယာဉ် နောက်လိုက် ၁၁၂ဦးထုတ်ပယ်၊ မိဘများ၏ အမွေပြတ်စွန့်လွှတ်ခြင်းကြေညာချက် နှင့်ပတ်သက်၍ မျိုးစန္ဒီကျော်က ပြန်လည်ဖြေရှင်းပြောကြား စသည့် စိတ်ဝင်စားဖွယ် သတင်းများ ပါရှိသည်။ **(သတင်းစဉ်)**

## အခြေခံမီးသတ်သင်တန်း

**မကွေးမြို့နယ် မီးသတ်ဦးစီးဌာနတွင် ဈေးများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အကြို အခြေခံမီးသတ်သင်တန်း တက်ရောက် သင်ကြားနေမှုကို ဩဂုတ် ၃ရက်က ဈေးများလုံခြုံမှုစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ အမှုဆောင်အရာရှိ ဦးသက်ထွန်း ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

# မိုးစပါး ရေတော်မိုးတော်ထွန်တုံးပိတ်ပွဲ ညောင်တုန်းမြို့နယ်၌ကျင်းပ

ညောင်တုန်း ဩဂုတ် ၉

ညောင်တုန်းမြို့နယ် မိုးစပါး ရေတော် မိုးတော် ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက် စွမ်းရည်ပြိုင်ပွဲကို ညောင်တုန်းမြို့နယ် မိုးဟုတ်ကျေးရွာအုပ်စုတွင် ဩဂုတ် ၂ရက် နံနက် ၇နာရီကကျင်းပရာ ကျေးရွာအုပ်စု လေးအုပ်စုမှ ကောက်စိုက်အဖွဲ့လေးဖွဲ့ ပါဝင် ယှဉ်ပြိုင်ကြသည်။

## ယှဉ်ပြိုင်

ရှေးဦးစွာ ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဌေးဝင်းက အမှာစကားပြော ကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ် မန်နေဂျာ ဦးမြင့်အေးက ကောက်စိုက် စွမ်းရည်ပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ် ချက်များနှင့် စည်းကမ်းချက်များကို ရှင်းလင်းတင်ပြပြီးနောက် ဆားမလောက်၊ မိုးဟုတ်၊ ဝါးတောစွန်း၊ တူးချောင်း ကျေးရွာအုပ်စုတို့မှ ကောက်စိုက်အဖွဲ့ လေးဖွဲ့တို့က ကောက်စိုက်စွမ်းရည် ယှဉ်ပြိုင်ကြသည်။ **(ယာပုံ)**

## ဆုများပေးအပ်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးဌေးဝင်း၊ အတွင်းရေးမှူး ဦးကိုကိုမောင်နှင့် တာဝန် ရှိသူများက ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ တွင် ပထမဆုရ မိုးဟုတ်ကျေးရွာအုပ်စု၊ ဒုတိယဆုရ တူးချောင်းကျေးရွာအုပ်စု၊ နှစ်သိမ့်ဆုရ ဝါးတောစွန်းကျေးရွာအုပ်စု နှင့် ဆားမလောက်ကျေးရွာအုပ်စုတို့မှ ကောက်စိုက်အဖွဲ့များကို ဆုများပေးအပ် ချီးမြှင့်ကြသည်။

## စိုက်ပျိုးပြီးစီး

ညောင်တုန်းမြို့နယ်တွင် ရေတော် မိုးတော် ၆၂၄၂၃ ဧက၊ ရေကြီးကွင်း ၁၂၀၄၂ဧက၊ ရေနက်ကွင်း ၁၂၉၈၂ဧက အောင်မြင်စွာ စိုက်ပျိုးပြီးစီးကြောင်း သိရ သည်။ **(၁၅၂)**





10-8 (06).pmd 1 8/10/2010, 2:50 AM



*၁ ကျော်ဖုံးမှ*

ဆင်ဖြူတော် ကြန်အင်လက္ခဏာနှင့်ပြည့်စုံသော ဆင်ဖြူတော်ရတနာ၏ အမည်နာမမှာ ဘဒ္ဒဝတီဖြစ်သည်။

**နေပြည်တော်သို့ ရောက်ရှိ**

ဆင်ဖြူတော်ရတနာကို ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းမှ ဇွန် ၂၆ရက် ညနေ ၄နာရီ ၂၅မိနစ်တွင် ရရှိခဲ့ပြီး ယနေ့တွင် နေပြည်တော်သို့ ရောက်ရှိလာခြင်း ဖြစ်သည်။ ဆင်ဖြူတော်ရတနာ၏ အသက်မှာ (၃၈)နှစ်ခန့်ရှိပြီး အရပ် ၇ပေ ၄လက်မ နှင့် လုံးပတ် ၁၀ပေ ၁၁ လက်မရှိသည်။

**ပျော်ရွှင်စွာသွားလာ**

ယခုအခါ ဆင်ဖြူတော်ရတနာသည် ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်းရှိ ဆင်ဖြူတော်ရတနာဆောင်၌ အဖော်ဆင်များနှင့်အတူ ပျော်ရွှင်စွာ သွားလာနေထိုင်လျက် ရှိကြောင်း သိရှိရသည်။

**ရွတ်ပွားချီးမြှင့်**

ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်းရှိ ဆင်ဖြူတော်ရတနာဆောင်၌ ဩဂုတ် ၈ရက် နံနက် ၅နာရီခွဲတွင် နေပြည်တော် တပ်ကုန်းမြို့ ငွေတောင် တောရကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာသိရီအမှူးပြုသော ဆရာတော်သံဃာတော် ၁၈ပါးတို့က အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွား ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**သွားလာ နေထိုင်**

ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်း၌ ဆင်ဖြူတော်ရတနာ အဖော်ဆင်များနှင့်အတူ ပျော်ရွှင်စွာ သွားလာနေထိုင်လျက်ရှိစဉ်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၀-၈-၂၀၁၀ (အင်္ဂါနေ့ )**

**နံနက်ပိုင်း**

| | |
|---|---|
| ၅:၀၀ | MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ မေတ္တသုတ် |
| ၅:၁၅ | MRTV-4 သတင်း |
| ၆:၀၀ | **ပဋ္ဌာကမ္မသုတ္တန်** တရားတော် (ဆရာတော်ဘဒ္ဒန္တနန္ဒိသာရ) |
| ၇:၀၀ | MRTV-4 သတင်း |
| ၇:၄၅ | MRTV-4 ကာတွန်းအစီအစဉ် |
| ၈:၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇၃) |
| ၈:၄၀ | မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ (အပိုင်း-၉) (ဇော်ဝင်းထွဋ်) |
| ၉:၂၀ | Activities in the City MBA မိသားစု၏ ဝါဆိုသင်္ကန်း လှူဒါန်းပွဲနှင့် သစ်ပင်စိုက်ပွဲ၊ ကျောက်ဆည်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ |
| ၉:၄၅ | Cartoon Show Time (Home on the Range) |
| ၁၀:၂၀ | ပဒုမ္မာကြာနွယ်ရိုးမှသည်.... |
| ၁၀:၄၅ | အင်အားအပြည့်နှင့် ရှင်သန်လျက်ရှိသော |
| ၁၁:၀၅ | Sports Diary |
| ၁၁:၃၀ | ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်း ထိန်းသိမ်းစို့ |
| ၁၁:၄၅ | **ဝါသီးက ရွှေသီးဖြစ်ပြီ** ဖြိုးငွေစိုး၊ ကောင်းခန့်၊ ပပဝင်းခင်၊ ခိုင်ငြိမ်းငြိမ်းစံ [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)] |
| ၁၂:၁၅ | သင်ကြားရေးလမ်းညွှန် (Success) Language Academy |
| ၁၂:၄၀ | အေးချမ်းသာလ....ဝါဠုက |
| ၁:၀၀ | **ပဋ္ဌာကမ္မသုတ္တန်** တရားတော် (ဆရာတော်ဘဒ္ဒန္တနန္ဒိသာရ) |
| ၂:၀၀ | MRTV-4 သတင်း |
| ၂:၄၅ | World of Knowledge (World's Toughest Fixes: Giant Antenne) |
| ၃:၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇၃) |
| ၄:၂၅ | Activities in the City MBAမိသားစု၏ ဝါဆိုသင်္ကန်း လှူဒါန်းပွဲနှင့် သစ်ပင်စိုက်ပွဲ၊ ကျောက်ဆည်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ |
| ၄:၄၅ | ပဒုမ္မာကြာနွယ်ရိုးမှသည်.... |
| ၅:၁၀ | လှုပ်စစ်လိုင်းများ ဖြတ်သန်းစီးဆင်းစေရာ (အပိုင်း-၁) |
| ၅:၃၀ | Celebrity Style (Too Big) |
| ၆:၀၀ | MRTV-4 သတင်း |
| ၆:၂၀ | Cartoon Show Time (Home on the Range) |
| ၆:၅၅ | မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ (အပိုင်း-၁၀) (ဇော်ဝင်းထွဋ်) |
| ၇:၄၀ | ရွှေဝါဟသာ ဆန်စပါးအထူးပြု ကုမ္ပဏီလီမိတက်မှ ၂၀၁၀-၂၀၁၁ မိုးစပါးစိုက်ပျိုးမည့်တောင်သူများအား စိုက်ပျိုးစရိတ်နှင့် သွင်းအားစုများ ပေးအပ်ပွဲအခမ်းအနား |
| ၈:၀၀ | MRTV-4 သတင်း |
| ၈:၃၅ | သင်ကြားရေးလမ်းညွှန် (Success) Language Academy |
| ၉:၀၀ | Celebrity Style (Too Big) |
| ၉:၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇၃) |
| ၁၀:၀၀ | Sunday Talk |
| ၁၀:၅၀ | Sports World |
| ၁၁:၁၅ | လှုပ်စစ်လိုင်းများ ဖြတ်သန်းစီးဆင်းစေရာ (အပိုင်း-၁) |
| ၁၁:၃၀ | အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဆွေးနွေးခန်း (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအေးအေးသော်) |
| ၁၂:၀၅ | ဆီထွက်သီးနှံများထဲမှ ဆီအုန်း |
| ၁၂:၂၀ | ကဏ္ဍာစုံလင်အားကစားအစီအစဉ် |
| ၁:၀၀ | အစီအစဉ်ပြီး၏။ |

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**ဩဂုတ် ၇ရက်က လှိုင်မြို့နယ် အထက(၂) ၂၀၀၉/၂၀၁၀ ပညာသင်နှစ်၊ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ တက္ကသိုလ်ဝင်တန်းတွင် ဘာသာစုံ (ခြောက်ဘာသာ) ဂုဏ်ထူးရရှိသော မသူဇာအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဦးကြည်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (ပညာရေး)



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် တနင်္သာရီတိုင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံပွဲအခမ်းအနားကျင်းပ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး တနင်္သာရီတိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် တနင်္သာရီတိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ဩဂုတ် ၇ရက် နံနက် ၉နာရီတွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်နှင့် ဦးမြင့်နိုင်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မဲရုံမှူးနှင့် ဒု-မဲရုံမှူးများ တက်ရောက်ကြသည်။ ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အမှာစကား ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် တနင်္သာရီတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်နှင့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများက မိမိတို့ ခရိုင်၊ မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည်များ မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ရှင်းလင်းဖြေကြားပြီး နိဂုံးချုပ် အမှာစကားပြောကြား၍ တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# KMD Amazing Sales Road Show အရောင်းခန်းမများ၌ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၉**

KMD ၏ Amazing Sales Road Show ကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင်ရှိသော KMD Sales Show Room အားလုံး၌ ဩဂုတ် ၁၂ရက်မှ ၁၅ရက်အထိ လေးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။ ထိုပွဲတွင် အံ့သြဖွယ်ကောင်းသော ဈေးနှုန်းများဖြင့် ရောင်းချပေးမည့် Amazing Sales အစီအစဉ် ဝယ်ယူလိုသူများ ကြိုတင်စာရင်း ပေးသွင်းရန်လိုအပ်သည့် Clearance Sales အစီအစဉ်၊ မိသားစုသုံးနှင့် ရုံးလုပ်ငန်းများအတွက် အထူးသင့်လျော်သော အကောင်းဆုံးဈေးဖြင့် ရောင်းချပေးမည့် Best Buy Desktop Computer၊ Keyboard, Mouse, Speakers, External HDD, UPS, Printer, DVD Writer နှင့် အခြားကွန်ပျူတာ ဆက်စပ်ပစ္စည်းများကို အနည်းဆုံး ငါးရာခိုင်နှုန်းမှ အများဆုံး ၅၀ရာခိုင်နှုန်းအထိ လျှော့ချရောင်းချပေးမည့် Up to 50% off အစီအစဉ် စသော အထူးအစီအစဉ်များဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**ကြိုတင်စာရင်းပေးသွင်း**

Notebook Computer များ ဝယ်လိုအားများလာသည်နှင့်အညီ Notebook များကိုလည်း အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ရာ မြန်မာနိုင်ငံတွင် ဈေးနှုန်းအချိုသာဆုံး Branded Netbook ဖြစ်သော Prolink Netbook မော်ဒယ်အသစ် Glee-UW2 Netbook ကို မိသားစုတိုင်း ကွန်ပျူတာ သုံးစွဲနိုင်ရန် ရည်ရွယ်၍ ငွေကျပ် ၂၉၀၀၀၀ ကျော်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတကာသို့ ကျောင်းသွားတက်ကြမည့်သူများအတွက် လိုင်စင် Windows 7 Operation System ၊ G310M Graphic Card တို့ ပါဝင်သော်လည်း ငွေကျပ် ၅၉၀၀၀၀ ကျော်ဖြင့် ရောင်းချပေးမည့် Samsung R430E Notebook ကိုလည်း ရောင်းချပေးမည်ဖြစ်ကြောင်း၊ Notebook ကွန်ပျူတာ ဝယ်ယူမှု၏ ၆၀ရာခိုင်နှုန်းမှာ ငွေကျပ်ငါးသိန်း ဝန်းကျင် Notebook များဖြစ်ရာ ငွေကျပ် ၄၈၀၀၀၀တန် Lenovo G450L Notebook၊ ငွေကျပ် ၅၃၀၀၀၀တန် Acer 4741 Corei3 Notebook တို့အပြင် အခြား Notebook မော်ဒယ်အစုံကိုလည်း ပြသသွားမည်ဖြစ်ကြောင်း၊ Clearance Sales အစီအစဉ်တွင် Compaq C510 (Core2Duo 2 GHz, 1GB RAM, 250GB HDD, 14" LCD)၊ Acer 4740 (Corei3 2.13 GHz, 1GB DDR3, 320GB HDD) တို့ကို မူရင်း ရောင်းဈေးအောက် သိသာစွာလျှော့၍ ရောင်းချပေးမည်ဖြစ်ပြီး ကန့်သတ်အလုံးအရေအတွက် ဖြစ်သောကြောင့် ဝယ်ယူလိုသူများအနေဖြင့် ကြိုတင်စာရင်း ပေးသွင်းရန်လိုအပ်ကြောင်း၊ Road Show နောက်ဆုံးနေ့တွင် ကြိုတင်စာရင်းပေးထားသူများထဲမှ မဲနှိုက်ရွေးချယ်၍ မဲပေါက်သူများကိုသာ ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ဆက်သွယ်စုံစမ်း**

KMD Sales & Service Centre သည် ၁၉၉၈ ခုနှစ်မှစတင်၍ နိုင်ငံတစ်ဝန်း ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသော Centre တစ်ခုဖြစ်သည်။ အသေးစိတ်သိရှိလိုပါက KMD Sales & Service Centre ရန်ကုန် ဖုန်း-၂၄၅၁၈၀၊ ၃၈၅၀၇၇ နှင့် ၅၀၃၅၂၂၊ မန္တလေး ဖုန်း-၀၂- ၆၀၃၆၀ နှင့် ၆၀၂၃၉၊ နေပြည်တော် ဖုန်း-၀၆၇-၄၂၀၇၉၀ နှင့် ၄၂၁၃၄၉တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# အလိမ်အညာလှိုင်းကို ရှောင်ကွင်းချိုတက် ခရီးဆက်မည်

* VOA,BBC - ရန်တိုက်ပေးနေသည်။
* RFA,DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဒီသတိပေးစာတမ်းလေးကို နေ့စဉ်ထုတ်သတင်းစာတွေမှာရောရုပ်မြင်သံကြား ဖန်သားပြင်ပေါ်မှာပါ ဖော်ပြထုတ်လွှင့်နေတာ ကြာခဲ့ပါပြီ။ ကလိမ်စေ့ငြမ်းဆင် အလိမ်တကာ့ဘုရင်တွေရဲ့ မိုးလုံးပြည့်မုသာဝါဒမှိုင်းတွေကို သတိထားနိုင်ပြီး ပြည်သူတွေ အလိမ်အညာမမိစေဖို့ သက်ဆိုင်ရာက အမြဲမပြတ် သတိပေးနေခြင်းဖြစ်ပါတယ်။ ဒီလောက်တောင် အမြဲမပြတ် သတိပေးနေတဲ့ကြားက မိုးလုံးပြည့်မုသာဝါဒ အသံလွှင့်ဌာနတွေရဲ့ လိမ်မှု၊ ညာမှု၊ သွေးထိုးမှု၊ အကောက်ကြံမှုတွေက လျော့သွားတယ် မရှိလှပါဘူး။ ဒီတော့လည်း ကျွန်တော်တို့ပြည်သူတွေ ပိုပြီးပိုပြီး သတိထားဆင်ခြင်ရှောင်ရှားကြရမှာပါ။

**အားလုံးသိပြီးဖြစ်တဲ့အတိုင်း အနောက်ပြည်ပအသံလွှင့်ဌာနတွေဟာ သတင်းမှန်၊ အဖြစ်အပျက်မှန်၊ အခြေအနေမှန်တွေကို ဖွတ်အတင်းမျက်ကွယ်ပြုပြီး မမှန်သတင်း၊ လုပ်ကြံသတင်း၊ လိမ်ညာဖန်တီးသပ်လျှိုတဲ့သတင်း၊ လီဆယ်မှိုင်းတိုက်တဲ့သတင်းတွေကို အဆက်မပြတ်ထုတ်လွှင့်နေပါတယ်။ ဒါတွေကို ၁၉၈၈ နောက်ပိုင်းကာလများကစပြီး တမင်ရည်ရွယ်ချက်ရှိရှိ တစိုက်မတ်မတ် လုပ်လာခဲ့တာပါ။ အဲဒီရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ တိုင်းပြည်ပြိုကွဲပျက်စီးဖို့၊ အချင်းချင်းသွေးကွဲပြီး ဟသ်ာကိုးသောင်းဇာတ်ခင်းစေဖို့၊ နောက်ဆုံးအပူလုံးကြွ ယူကျုံးမရ လူလုံးမလှဖြစ်ပြီး အနောက်ကိုလိုနီနယ်ချဲ့လက်သစ်တွေရဲ့လက်ဝေခံခေတ်သစ်ကိုလိုနီဘဝ ကျရောက်စေဖို့ဆိုတာ ကျွန်တော်တို့ အားလုံး နားလည်ကြပြီးသား ဖြစ်နေပါပြီ။**

အဲဒီအနောက်အသံလွှင့်ဌာနတွေရဲ့ ထပ်ထပ်ကြမ်းနေတဲ့ မုသာဝါဒ လေလှိုင်းသံတွေကြားထဲမှာ အတော်ကို ရုပ်ပျက်ဆင်းပျက်နိုင်လှတဲ့ထုတ်လွှင့်ချက်အချို့ကို အခုရက်ပိုင်းအတွင်း နားကြားပြင်းကတ်လောက်အောင် ကြားနေရပါတယ်။ ပြောပြန်ရင်လည်း ဆုံးနိုင်မှာမဟုတ်လို့ အများကြီးထဲက သတင်းတစ်ပုဒ်စ နှစ်ပုဒ်စကိုပဲ ရွေးပြီးပြောချင်ပါတယ်။ ဇူလိုင် ၂၁ရက် ညပိုင်းမှာ BBC က ထုတ်လွှင့်သွားတဲ့ ''လွတ်လပ်အတွေး ဆွေးနွေးဖလှယ်''ဆိုတဲ့ အစီအစဉ်မှာ နာဂစ်မုန်တိုင်းကာလ ဆောင်ရွက်ချက်များနဲ့ ပတ်သက်ပြီး ပြည်ပြေးဝရမ်းပြေး အောင်လင်းထွဋ်က အင်တာဗျူးသဘောပြောခဲ့ပါတယ်။ အဲဒီမှာ နာဂစ်မုန်တိုင်းနဲ့ ပတ်သက်ပြီး အဲဒီတုန်းက မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားရေးမှူးချုပ်ဖြစ်တဲ့ ဦးထွန်းလွင်က အကြီးအကဲများဆီကို သတင်းပို့ရန်လူကိုယ်တိုင်သွားရောက်ခဲ့ပေမယ့် လက်ခံတွေ့ဆုံခဲ့ခြင်းမရှိတဲ့အတွက် အချိန်မီသတင်းပေးပို့နိုင်ခြင်းမရှိခဲ့ကြောင်း ဇာတ်လမ်းထွင်ပြီး နာဂစ်မုန်တိုင်းကာလ နိုင်ငံတော်ရဲ့ဆောင်ရွက်ချက်တွေကို မှေးမှိန်သေးသိမ်အောင်၊ အထက်အကြီးအကဲများနဲ့ အစိုးရအပေါ် ပြည်သူများ အကြည်ညို ပျက်လာအောင် မမှန်မကန် လိမ်ညာလုပ်ကြံဖန်တီးပြီး ပြောဆိုထုတ်လွှင့်ခဲ့ပါတယ်။

ပြောရရင် အောင်လင်းထွဋ်ဆိုသူဟာ ကိုယ့်နိုင်ငံနဲ့ ကိုယ့်ပြည်သူကို သစ္စာဖောက်ပြီး ပထွေးနိုင်ငံကနေ ပြန်မလာရဲတော့တဲ့ သစ္စာဖောက်ပြည်ပြေး ဝရမ်းပြေးတစ်ယောက် ဖြစ်ပါတယ်။ မိခင်ဌာနနဲ့ နိုင်ငံတော်တာဝန်ကို ခြေစုံကန် ပစ်ပယ်ပြီး တစ်ပါးနိုင်ငံမှာ နိုင်ငံရေးခိုလှုံခွင့်နဲ့ အခုလို တောင်စဉ်ရေမရ မဟုတ်မဟပ်စကားတွေပြောပြီး ထမင်းစားနေရတဲ့ သစ္စာဖောက်ပုဆိန်ရိုးစစ်စစ် ဖြစ်ပါတယ်။ ယခင် နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့စဉ်တုန်းက အစည်းအဝေးမှတ်တမ်းတွေကိုပဲ ဖတ်ခဲ့ရဖူးသယောင်ယောင်၊ အတွင်းစည်းမှာ နေခွင့်ရခဲ့တာမို့ ကိုယ်တိုင်ပဲကြားခွင့် သိခွင့်ရခဲ့သယောင်ယောင် အမျိုးမျိုး ဇာတ်လမ်းဇာတ်ကွက်ထွင်ပြီး တကယ့်ဖြစ်စဉ် အဟုတ်အမှန်တွေပါဆိုတဲ့သဘောနဲ့ လုပ်ကြံဖန်တီး ဖြီးခဲ့ဖြန်းခဲ့တာ အပ်ကြောင်းထပ်နေပါပြီ။ သူ့ခေါင်းထဲမှာ အမိနိုင်ငံဆိုတာ မရှိတော့သလို ကိုယ့်လူမျိုး ကိုယ့်ပြည်သူဆိုတာလည်း လုံးဝမရှိတော့ပါဘူး။ အခုတော့ သူများနိုင်ငံမှာ ပေးတာယူကျွေးတာစားပြီး ခိုင်းသမျှကို မရှက်မကြောက် လိမ်ညာဖြီးဖြန်းပြောဆိုပေးနေရတဲ့ အနောက်လက်ဝေခံ ရုပ်သေးရုပ်လုံးလုံး ဖြစ်နေပါပြီ။

ဒီတော့ ဒီလိုပုဂ္ဂိုလ်မျိုးက ပြောတဲ့စကားဟာ ဘယ်လိုလုပ်မှန်နိုင်မှာလဲ။ မလိုလို့ပြောတဲ့စကား၊ သွေးထိုးကုန်းချောတဲ့စကားဆိုတာ စကြားကတည်းက ကျွန်တော်တို့ နားလည်ပြီးသားပါ။ ထင်တဲ့အတိုင်းပါပဲ။ သတင်းဌာနတစ်ခုရဲ့ အဆိုအရ အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က ထိုကိစ္စဟာ လုံးဝမဟုတ်မှန်ကြောင်း၊ မိမိပြောဆိုခဲ့ခြင်းမရှိကြောင်း၊ နာဂစ်အကြိုကာလအတွင်း နိုင်ငံတော်အဆင့် အကြီးအကဲများထံ သွားရောက်ခဲ့ဖူးခြင်းမရှိသလို တွေ့ဆုံဖူးခြင်းလည်းမရှိခဲ့ကြောင်း၊ မိမိမသွားခဲ့ပါဘဲ အခုလို သွားခဲ့ပေမယ့် လက်ခံတွေ့ဆုံခြင်းမရှိလို့ အချိန်မီသတင်းပေးပို့နိုင်ခဲ့ခြင်း မရှိဘူးဆိုတာဟာ မိမိကိုစတုံးလုပ်ပြီး အထက်အကြီးအကဲတွေကို ပြည်သူတွေက အကြည်ညိုပျက်လာအောင် လီဆယ်လုပ်ကြံသွေးထိုးခြင်းသာဖြစ်ကြောင်း၊ ဒါကြောင့် BBC ကို အိတ်ဖွင့်ပေးစာ ပေးပို့သွားမှာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။ အဲဒီနောက်မှာ ဩဂုတ်လ ၃ရက်နေ့မှာ ကာယကံရှင် ဦးထွန်းလွင်က BBCကို အိတ်ဖွင့်ပေးစာတစ်စောင် ရေးသားကန့်ကွက်ခဲ့တာ တွေ့ရှိနိုင်ပါတယ်။

နောက်ထုတ်လွှင့်ချက်တစ်ခုက ရဲမွန်ဘက်က တပ်ရင်းတွေနဲ့ သက်ဆိုင်တဲ့သတင်းပါ။ ရဲမွန်မှာရှိတဲ့ တပ်မ(၈၈)က တပ်ရင်း (၈)ရင်းဟာ ဝန်ထမ်းစုငွေတွေ ပြန်ထုတ်လို့မရတဲ့အတွက် တပ်တွင်းအမိန့်မနာခံမှုတွေဖြစ်ပြီး ပြဿနာတက်နေကြောင်း၊ နေပြည်တော်ရဲ့ ညွှန်ကြားမှုကို လက်မခံဘဲ ငြင်းဆန်နေကြောင်း လံကြုပ်လုပ်သွားပါတယ်။ တစ်ခါရဲမွန်တပ်တွေကို နေပြည်တော်က တပ်အင်အား (၄၀၀)နဲ့ ဝိုင်းထားတယ် ပြောလိုပြော၊ နောက်တစ်ခါ (၇၀၀)နဲ့ ဝိုင်းထားတယ် ပြောလိုပြော၊ အမျိုးမျိုး ကလိမ်စေ့ငြမ်းဆင် ဇာတ်လမ်းတွေထွင်နေပါတယ်။ ပေးပို့တဲ့သတင်းထောက်ကလည်း မြန်မာ့တပ်မတော်အကြောင်း နကန်းတစ်လုံးမှ နားမလည်တဲ့ ဆွန်ခလာဘူရီက BBCသတင်းထောက် ဦးသန်းပါတဲ့။ ဇာတ်လိုက်ကျော်ကြီး ဦးသန်းဟာ ယခင်ကလည်း ပြည် အင်းမဘက်က တပ်တွေ၊ ပဲခူးဘက်ကတပ်တွေနဲ့ပတ်သက်ပြီး လုပ်ကြံသတင်းမှားတွေ ဆက်တိုက်ပို့ပြီး တပ်မတော်သွေးခွဲရေးကို လုပ်ခဲ့ပါတယ်။ နောက်တစ်ခါ ထုံးဘို ဆင်တဲဘက်က ကပစစက်ရုံတွေဘက်ကို ပစ်မှတ်ပြောင်းပြီး ဒီလိုပဲ တပ်မတော်ဖြိုခွဲရေး အခြေအမြစ်မဲ့ မုသားသက်သက်သတင်းတွေ ပေးပို့ထုတ်လွှင့်ခဲ့ပါတယ်။ သူပြောသမျှ သတင်းအားလုံး တစ်ခုမှမဟုတ်ဘူး၊ မမှန်ဘူး လုံးဝကိုအမှားတွေချည်းပဲဆိုတာ ကျွန်တော်တို့အားလုံး နားလည်ထားပြီးသားပါ။

အခုလည်း ပြန်စုံစမ်းကြည့်တော့ ရဲမွန်တပ်မြို့တစ်ခုလုံးဟာ ပုံမှန်ပကတိအေးဆေးတည်ငြိမ်လျက်ပါပဲ။ ဘယ်ရဲဘော်မှ အာဏာဖီဆန်တာမရှိသလို ဘယ်တပ်မှလည်း လာဝိုင်းထားတာ မရှိပါဘူး။ အသွားအလာမပျက်၊ အလုပ်အကိုင်မပျက်၊ အဝယ်အခြမ်းမပျက် စည်စည်ကားကား အေးအေးချမ်းချမ်းရှိနေပါတယ်။ တပ်အင်္ဂါစဉ်မသိ၊ ဖွဲ့စည်းပုံ နားမလည်၊ တပ်မတော်သားတွေရဲ့ သဘောထားဆန္ဒကို လုံးဝမျှဝေ ခံစားနိုင်ခြင်းမရှိဘဲ အားလုံးကို မဟုတ်မမှန် လီဆယ်လုပ်ကြံဖန်တီးပြီး ပြည်တွင်းပုဆိန်ရိုးတွေအလိုကျ တပ်တွင်းစည်းလုံးညီညွတ်မှု ပြိုကွဲအောင်၊ တပ်မတော်ပြိုကွဲအောင် ပုံစံအမျိုးမျိုးနဲ့ သွေးထိုးသွေးခွဲနေခြင်းသာဖြစ်တယ်ဆိုတာ ထင်ရှားလှပါတယ်။

## မန်းသာစိန် (ဖားပွန်)

**တကယ်တော့ ဒီလိုမဟုတ်မမှန်လုပ်ကြံသတင်းတွေကို ပြည်တွင်းပြည်ပသစ္စာဖောက်ပုဆိန်ရိုးတွေ၊ အနောက်လက်ဝေခံ ရုပ်သေးရုပ်တွေက အကွက်ချဖန်တီးပေးပို့နေပြီး ဒါတွေကို လီဆယ်လုပ်ကြံ သတင်းမှန်းသိပါလျက်နဲ့ BBCလို ပြည်ပအသံလွှင့်ဌာနတွေက ရွှန်းရွှန်းဝေအောင် အားပါးတရထုတ်လွှင့်ပေးနေကြခြင်း ဖြစ်ပါတယ်။ သူတို့တွေဖြစ်စေချင်တာကတော့ ကျွန်တော်တို့ပြည်သူများအတွင်း စိတ်ဝမ်းကွဲပြီး ယုန်ထင်ကြောင်ထင်အတွေးတွေ၊ စိုးရိမ်ပူပန်မှုတွေနဲ့ ရုတ်ရုတ်သဲသဲ အခြေအနေတွေ ပေါ်ပေါက်လာစေချင်တာပါပဲ။ တည်ဆဲအစိုးရအပေါ် အကြည်ညိုပျက်ပြီး ဆန့်ကျင်တာမျိုး၊ တပ်မတော်ပြိုကွဲတာမျိုးကို မြင်ချင်တာပါပဲ။ နောက်ဆုံးမှာ အများယောင်လို့လိုက်ယောင်၊ အမောင်တောင်မှန်း မြောက်မှန်းမသိဘဲ ဗိန်းဇောင်းတီးတိုင်း လူလုံးထွက်ပြချင်နေတဲ့ ပြည်ပနောက်မီးဆွဲတွေ လမ်းပေါ်ထွက် ဆူပူထကြွလာတဲ့ အခြေအနေမျိုးအထိ မရောက်ရောက်အောင် ဘေးတီးလှုံ့ဆော်ပေးနေတာပါပဲ။ ဒီလိုဒီယုန်မြင်လို့ ဒီချုံထွင်တဲ့ကိစ္စ၊ အရိုးလိုလို့ အသားတောင်းတဲ့ကိစ္စမျိုးကို ကျွန်တော်တို့ပြည်သူတွေက အရိပ်ပြရုံနဲ့ အကောင်မြင်ပြီး နားလည်သဘောပေါက်ကြဖို့ အရေးကြီးလှပါတယ်။**

ပြည်တွင်းပြည်ပက သစ္စာဖောက်ပုဆိန်ရိုးတွေ၊ အနောက်လက်ဝေခံရုပ်သေးရုပ်တွေနဲ့ မုသာဝါဒီ BBC တို့ရဲ့ လုပ်ရပ်တွေဟာ ကျွန်တော်တို့ ပြည်သူများအတွင်း အထိတ်တလန့် ထင်ယောင်ထင်မှားဖြစ်ပြီး လက်ရှိတည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်တွေ ပျက်ယွင်းသွားအောင်၊ ဒါ့အပြင် တပ်တွင်းစည်းလုံးညီညွတ်မှု ပျက်ပြားပြီး အင်အားချည့်နဲ့ ယိုင်လဲသွားအောင် အစီအမံရှိရှိ၊ ရည်ရွယ်ချက်ရှိရှိ လုပ်ကြံဖန်တီးထိုးနှက်နေကြခြင်းသာဖြစ်ကြောင်း ထင်ရှားလှပါတယ်။ ဒီလိုလုပ်နေကြတာဟာလည်း အခုမှ အသစ်အဆန်း မဟုတ်ပါဘူး။ ကျွန်တော်တို့သက်တမ်းအတွင်းမှာကိုပဲ ပြည်တွင်းပြည်ပ ပုဆိန်ရိုးတွေနဲ့ ပြည်ပအသံလွှင့်ဌာနတွေ ဟန်ချက်ညီပူးပေါင်းပြီး မဟုတ်မမှန် လုပ်ကြံဇာတ်လမ်းထွင်ပြီး နိုင်ငံနဲ့ပြည်သူကို ဒုက္ခပေးခဲ့တာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင်ပါပဲ။ တပ်မတော်ဖြိုခွဲရေး လုပ်ခဲ့တာလည်း အကြိမ်ကြိမ်ရှိခဲ့ပါပြီ။ ဒါပေမယ့် နေလာနှင်းပျောက်ဆိုသလို မဟုတ်မမှန် လုပ်ကြံလီဆယ်စကားတွေဟာ အမှန်တရားနဲ့ ရင်ဆိုင်ရတဲ့အခါ တစ်စစီပြိုကွဲလွင့်စဉ် ပျောက်ကွယ်သွားရတာ ဓမ္မတာပဲမဟုတ်လား။

အားလုံးသိပြီးဖြစ်တဲ့အတိုင်း ၁၉၈၈ အရေးအခင်းကာလတုန်းကလည်း ဆန့်ကျင်ဘက်အုပ်စုတွေနဲ့ BBC တို့ပေါင်းပြီး ပြည်သူကို အကြီးအကျယ် လိမ်ခဲ့ဖူးပါတယ်။ ဆူပူအုံကြွနေတဲ့ လူအုပ်ကြီးကို ထိန်းမနိုင်သိမ်းမရဖြစ်တဲ့အဆင့်ရောက်အောင် ဆွပေးနိုင်ဖို့အတွက် BBC သတင်းထောက် ခရစ္စတိုဖာဂန်းနက်က ကလိမ်ကကျစ်တွေ့ဆုံ မေးမြန်းခန်းတစ်ခု လုပ်ကြံဖန်တီး ထုတ်လွှင့်ခဲ့ပါတယ်။ အားလုံးသိပြီးဖြစ်တဲ့အတိုင်း ခရစ္စတိုဖာဂန်းနက်ဟာ နေမင်း၊ ဌေးအောင်၊ ဌေးကြွယ်၊ ကိုကိုလတ်တို့နဲ့ပေါင်းပြီး ရန်ကုန်ဆေးရုံကြီးမှာ သူနာပြုလုပ်အားပေးနေတဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင် ကျောင်းသူ မအေးငြိမ်းသူကို လိမ်လည်လှည့်ဖြားခေါ်ဆောင်ပြီး သူတို့ရေးပေးတဲ့ဇာတ်ညွှန်းအတိုင်း ပြောပြအသံသွင်းပေးဖို့ လုပ်ဆောင်ခဲ့ပါတယ်။ မအေးငြိမ်းသူကလည်း တံလျှပ်ကိုရေထင်ပြီး ကျောင်းသူမိမိမှာ အဖမ်းခံရ၍ အင်းစိန်ထောင်သို့ ရောက်ပြီး ထောင်ဝန်ထမ်းများက မိမိနှင့်အခြား ကျောင်းသူများကို အဓမ္မပြုကျင့်ခဲ့ကြောင်း မဟုတ်မမှန်လုပ်ကြံပြီး BBC အလိုကျ ပြောပေးခဲ့ရပါတယ်။ အဲဒီတွေ့ဆုံ မေးမြန်းခန်းကို BBC က အားရပါးရ

အထပ်ထပ်အခါခါ ထုတ်လွှင့်ခဲ့ပါတယ်။ အ…
နောက်ပိုင်းကျမှ မအေးငြိမ်းသူကိုယ်တိုင်က …
ဂန်းနက်တို့ခိုင်းတဲ့အတိုင်း လုပ်ကြံပြောခဲ့ရ…
ထောင်ထဲမရောက်ခဲ့သလို အဓမ္မပြုကျင့်ခြင်း…
ဖြစ်ရပ်မှန်ကို ပြန်လည်တင်ပြတောင်းပန်ခဲ့တာ…
အလားတူ အခြားသာဓကများလည်း ပြေ…
မဟုတ်ပါဘူး။ အခု BBC ရဲ့ ထုတ်လွှင့်ချ…
လံကြုပ်တွေချည်းပါပဲ။

**BBC အပါအဝင် အနောက်အသံလွှ…**
**ချက်တွေဟာ အေးချမ်းသာယာခေတ်မီဖွံ့ဖြိုး…**
**ပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ မရော…**
**လမ်းစဉ်(၇)ရပ်နဲ့အညီ ကျွန်တော်တို့အား…**
**ကြိုးပမ်းချီတက် တည်ဆောက်အကောင်…**
**မနာလို မရှုဆိတ်နိုင်ဘဲ နှောင့်နှေးအောင်၊ …**
**အောင်၊ မမှန်သတင်း၊ လုပ်ကြံသတင်းကော…**
**နှောင့်ယှက်ဖျက်ဆီးဟန့်တားဖို့ ကြိုးစား…**
**လုပ်ရပ်များသာ ဖြစ်ပါတယ်။** ကိုလိုနီလက်…
ကြိုးကိုင်ခြယ်လှယ်လိုတဲ့ ပစ်မှတ်နိုင်ငံများက…
တွေ၊ ပြည်တွင်းပုဆိန်ရိုးတွေကို ဒီမိုကရေ…
တံဆိပ်အတုကပ် ပုံဖော်ပေးပြီး ငွေကြေးမက်…
ပြည်သူကိုပြန်ပြီး စော်ကားပုတ်ခတ် ဆဲရေး…
တယ်။ အဲဒီပြည်ပြေးတွေ၊ ဝရမ်းပြေးတွေ…
ကလည်း တစ်လုတ်တစ်ဆုပ် မဝရေစာနဲ့ အ…
မအန်နိုင်ဖြစ်ပြီး သိသိချည်းနဲ့ ကိုယ့်နိုင်ငံ…
စော်ကားဆဲရေး ပုတ်ခတ်နေရတာမျိုးပါ။ အ…
လောက်မှ ဇောက်မနက်တဲ့ လူမိုက်ကြီးတွေ…
ပြန်ကြည့်ရင်လည်း သနားစရာကောင်းလှပါ…

အခုဆိုရင် မူဝါဒလမ်းစဉ် (၇)ရပ်ရဲ့ အ…
**ဒီမိုကရေစီ ရွေးကောက်ပွဲကြီး နီးသည်ထက်…**
**လေလေ ဒီပွဲကြီးအောင်မြင်ပြီး ဒီမိုကရေ…**
**အောင်အောင်မြင်မြင် ဝင့်ဝင့်ကြွားကြွား ပေါ်…**
**မတွေ့လို၊ မမြင်လို၊ မဖြစ်စေလိုကြတဲ့ ဆန်…**
**အနောက်အုပ်စုတွေက ဆန့်ကျင်ဘက်သတ…**
**အားကိုသုံးပြီး အစွမ်းကုန်ပိုပိုပြီး ဖျက်လိုဖျက်ဆီ…**
**ဒါကို ကျွန်တော်တို့ သတိပြုကြရပါမယ်။** သို…
**သတိရှိမယ်ဆိုရင် ဘာမှစိတ်ပူစရာ၊ စိုးရိမ်…**
**အသံလွှင့်ဌာနတွေရဲ့ ထုတ်လွှင့်ချက်တွေဟာ…**
**ဖြီးလုံးဖြန်းလုံးတွေမှန်း နားလည်သဘောပေါက်…**
**မတတ်နိုင်ပါဘူး။ လေထဲကလာတဲ့ မုသာ…**
**ပျောက်သွားမှာ မုချပါပဲ။**

ဒါကြောင့် လက်ရှိရရှိထားပြီးဖြစ်တဲ့ …
**ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်တွေ နှောင့်နှေးပျ…**
**ရှေ့မှာလက်တစ်ကမ်းတောင် မလိုတော့တဲ့ …**
**လက်လွှတ်ပျောက်ဆုံးသွားမှာကို အစိုးရိမ်ကြ…**
**ပြည်သူများအနေနဲ့ မိုးလုံးပြည့်မုသာဝါဒီတွေရဲ့…**
**တွေကို နားမယောင်ကြဖို့၊ စိတ်မပူကြဖို့ ပြေ…**
**ခုန်ရုံနဲ့ ဖုန်မထနိုင်ဘူးဆိုတာ နားလည်ယုံကြ…**
**အဓိကကတော့ ကလိမ်စေ့ငြမ်းဆင် အလိမ်…**
**မဆုံအောင် လိမ်နေကြတယ်ဆိုတာကို သိနား…**
**ကလည်း သိသိကြီးနဲ့ အလိမ်မမိကြစေဖို…**
**လက်ကိုင်ထားကြစေချင်ပါတယ်။ လိမ်တဲ့သူ…**
**ဖြစ်တာမို့ ဆက်ကာဆက်ကာ လိမ်နေဦးမှာပါပဲ…**
**ကိုယ့်အလုပ်ကိုယ်လုပ်ပြီး အလိမ်အညာမှိုင်…**
**ဆင်ခြင်ရှောင်ရှားသွားကြရမှာသာ ဖြစ်ပါတ…**

တကယ်တမ်းပြောရရင် နေ့စဉ်ထုတ်…
သံကြားဖန်သားပြင်တွေပေါ်မှာ ဖော်ပြပေး…
သည်''၊ ''**VOA, BBC** - ရန်တိုက်ပေး…
**DVB** - သွေးထိုးနေသည်''၊ ''ခလေ…
လေလှိုင်းသံ လူသတ်သမား၊ နားမယောင်…
ဆောင်ပုဒ်တွေဟာ အမှန်တွေချည်းပါပဲ။ ပြ…
နဲ့ယှဉ်ပြီး သတိတရားနဲ့ ပေါင်းစပ်နိုင်အောင် …
ဆောင်ပုဒ်တွေဖြစ်ပါတယ်။ ဆယ်စုနှစ်ပေါ…
လုပ်ကြံသွေးထိုးစကားတွေကို တွင်တွင်…
အများပြည်သူ စိတ်မချမ်းသာ၊ နားမချမ်းသာ…
တွေအတွက် တစ်ချိန်ချိန်တော့ ထိုက်သင့်…
မြေကြီးလက်ခတ်မလွဲပါဘဲ။ ဘာပဲဖြစ်ဖြစ်…
အားလုံးက ဒင်းတို့ရဲ့ အလိမ်အညာလှို…
လက်တစ်ကမ်းတောင်မလိုတော့တဲ့ ဒီမိုကရေ…
ရောက်အောင် ကြိုးပမ်းချီတက် ခရီးဆက်…
အတိအလင်း ကြေညာမောင်းခတ်လိုက်ပါ…

**အခုဆိုရင် မူဝါဒလမ်းစဉ် (၇)ရပ်ရဲ့ အဆင့်(၅)ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီး နီးသည်ထက်နီးလာပါပြီ။ ဒီလိုနီးလာလေလေ ဒီပွဲကြီးအောင်မြင်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် အောင်အောင်မြင်မြင် ဝင့်ဝင့်ကြွားကြွား ပေါ်ပေါက်လာမှာကို လုံးဝမတွေ့လို၊ မမြင်လို၊ မဖြစ်စေလိုကြတဲ့ ဆန့်ကျင်ဘက်အုပ်စုတွေနဲ့ အနောက်အုပ်စုတွေက ဆန့်ကျင်ဘက် သတင်းဌာနတွေရဲ့ မီဒီယာအားကိုသုံးပြီး အစွမ်းကုန်ပိုပိုပြီး ဖျက်လိုဖျက်ဆီး လုပ်လာလေလေပါပဲ။ ဒါကို ကျွန်တော်တို့ သတိပြုကြရပါမယ်။**

အထပ်ထပ်အခါခါ ထုတ်လွှင့်ခဲ့ပါတယ်။ အရေးအခင်းပြီးဆုံးသွားပြီး နောက်ပိုင်းကျမှ မအေးငြိမ်းသူကိုယ်တိုင်က ကိုကိုလတ်၊ ဌေးကြွယ်နဲ့ ဂန်းနက်တို့ခိုင်းတဲ့အတိုင်း လုပ်ကြံပြောခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိမှာ ထောင်ထဲမရောက်ခဲ့သလို အဓမ္မပြုကျင့်ခြင်းလည်း မခံခဲ့ရပါကြောင်း ဖြစ်ရပ်မှန်ကို ပြန်လည်တင်ပြတောင်းပန်ခဲ့တာ မှတ်မိနေပါသေးတယ်။ အလားတူ အခြားသာဓကများလည်း ပြောမယ်ဆိုရင် ဆုံးနိုင်မှာ မဟုတ်ပါဘူး။ အခု BBC ရဲ့ ထုတ်လွှင့်ချက်တွေဟာလည်း ဒီလို လံကြုပ်တွေချည်းပါပဲ။

**BBC အပါအဝင် အနောက်အသံလွှင့်ဌာနတွေရဲ့ ထုတ်လွှင့်ချက်တွေဟာ အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ မရောက်ရောက်အောင် မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ ကျွန်တော်တို့အားလုံး တက်ညီလက်ညီ ကြိုးပမ်းချီတက် တည်ဆောက်အကောင်အထည်ဖော်နေမှုများကို မနာလို မရှုဆိတ်နိုင်ဘဲ နှောင့်နှေးအောင်၊ ပျက်ပြားအောင်၊ ပြိုကွဲအောင်၊ မမှန်သတင်း၊ လုပ်ကြံသတင်းကောလာဟလများနဲ့ မှိုင်းတိုက်နှောင့်ယှက်ဖျက်ဆီးဟန့်တားဖို့ ကြိုးစားနေတဲ့ ဝါဒဖြန့် အဖျက်လုပ်ရပ်များသာ ဖြစ်ပါတယ်။** ကိုလိုနီလက်သစ်ဝါဒီတွေပီပီ သူတို့ကြိုးကိုင်ခြယ်လှယ်လိုတဲ့ ပစ်မှတ်နိုင်ငံများကပြည်ပြေးတွေ၊ ဝရမ်းပြေးတွေ၊ ပြည်တွင်းပုဆိန်ရိုးတွေကို ဒီမိုကရေစီရေးလှုပ်ရှားသူအဖြစ် တံဆိပ်အတုကပ် ပုံဖော်ပေးပြီး ငွေကြေးမက်လုံးနဲ့ ကိုယ့်နိုင်ငံ ကိုယ့်ပြည်သူကိုပြန်ပြီး စော်ကားပုတ်ခတ် ဆဲရေးခိုင်းနေခြင်းသာ ဖြစ်ပါတယ်။ အဲဒီပြည်ပြေးတွေ၊ ဝရမ်းပြေးတွေ၊ ပြည်တွင်းပုဆိန်ရိုးတွေကလည်း တစ်လုတ်တစ်ဆုပ် မဝရေစာနဲ့ အပင်းမျိုမိသလို မထွေးနိုင် မအန်နိုင်ဖြစ်ပြီး သိသိချည်းနဲ့ ကိုယ့်နိုင်ငံကိုယ့်ပြည်သူကို အခုလို စော်ကားဆဲရေး ပုတ်ခတ်နေရတာမျိုးပါ။ အကြံပက်စက် ဆန်ကောလောက်မှ ဓောက်မနက်တဲ့ လူမိုက်ကြီးတွေဖြစ်ပေမယ့် တစ်ဖက်က ပြန်ကြည့်ရင်လည်း သနားစရာကောင်းလှပါတယ်။

**အခုဆိုရင် မူဝါဒလမ်းစဉ် (၇)ရပ်ရဲ့ အဆင့်(၅)ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီး နီးသည်ထက်နီးလာပါပြီ။ ဒီလိုနီးလာလေလေ ဒီပွဲကြီးအောင်မြင်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် အောင်အောင်မြင်မြင် ဝင့်ဝင့်ကြွားကြွား ပေါ်ပေါက်လာမှာကို လုံးဝ မတွေ့လို၊ မမြင်လို၊ မဖြစ်စေလိုကြတဲ့ ဆန့်ကျင်ဘက်အုပ်စုတွေနဲ့ အနောက်အုပ်စုတွေက ဆန့်ကျင်ဘက်သတင်းဌာနတွေရဲ့ မီဒီယာအားကိုသုံးပြီး အစွမ်းကုန်ပိုပိုပြီး ဖျက်လိုဖျက်ဆီး လုပ်လာလေလေပါပဲ။ ဒါကို ကျွန်တော်တို့ သတိပြုကြရပါမယ်။ သို့သော် ကျွန်တော်တို့သာ သတိရှိမယ်ဆိုရင် ဘာမှစိတ်ပူစရာ၊ စိုးရိမ်စရာ မရှိပါဘူး။ ပြည်ပအသံလွှင့်ဌာနတွေရဲ့ ထုတ်လွှင့်ချက်တွေဟာ လိမ့်လုံးညာလုံးတွေ၊ ဖြီးလုံးဖြန်းလုံးတွေမှန်း နားလည်သဘောပေါက်ထားပြီဆိုရင် သူတို့ဘာမှ မတတ်နိုင်ပါဘူး။ လေထဲကလာတဲ့ မုသာဝါဒဟာ လေထဲမှာပဲ ပျောက်သွားမှာ မုချပါပဲ။**

ဒါကြောင့် လက်ရှိရရှိထားပြီးဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်တွေ နှောင့်နှေးပျက်ယွင်းသွားမှာ၊ ဒို့အပြင် ရှေ့မှာလက်တစ်ကမ်းတောင် မလိုတော့တဲ့ ဒီမိုကရေစီ ပန်းတိုင် လက်လွတ်ပျောက်ဆုံးသွားမှာကို အစိုးရိမ်ကြီး စိုးရိမ်ပူပန်နေကြတဲ့ ပြည်သူများအနေနဲ့ မိုးလုံးပြည့်မုသာဝါဒီတွေရဲ့ လံကြုပ်ထုတ်လွှင့်ချက်တွေကို နားမယောင်ကြဖို့၊ စိတ်မပူကြဖို့ ပြောလိုပါတယ်။ ခွေးလေးခုန်ရုံနဲ့ ဖုန်မထနိုင်ဘူးဆိုတာ နားလည်ယုံကြည်ကြစေချင်ပါတယ်။ အဓိကကတော့ ကလိမ်စေ့ငြမ်းဆင် အလိမ်တကာ့ဘုရင်တွေ မိုးလုံးမဆုံ့အောင် လိမ်နေကြတယ်ဆိုတာကို သိနားလည်ကြပြီး တစ်ဖက်ကလည်း သိသိကြီးနဲ့ အလိမ်မမိကြစေဖို့ သတိသမ္ပဇဉ်တရားလက်ကိုင်ထားကြစေချင်ပါတယ်။ လိမ်တဲ့သူက လိမ်တာသူ့အလုပ်ဖြစ်တာမို့ ဆက်ကာဆက်ကာ လိမ်နေဦးမှာပါပဲ။ ကျွန်တော်တို့ကလည်း ကိုယ့်အလုပ်ကိုယ်လုပ်ပြီး အလိမ်အညာမှိုင်းမမိစေဖို့ သတိလေးနဲ့ ဆင်ခြင်ရှောင်ရှားသွားကြရမှာသာ ဖြစ်ပါတယ်။

တကယ်တမ်းပြောရရင် နေ့စဉ်ထုတ်သတင်းစာတွေ၊ ရုပ်မြင်သံကြားဖန်သားပြင်တွေပေါ်မှာ ဖော်ပြပေးနေတဲ့ "BBC -ညာနေသည်"၊ "VOA, BBC - ရန်တိုက်ပေးနေသည်"၊ "RFA, DVB - သွေးထိုးနေသည်"၊ "ခလောက်ဆန်အကောက်ကြံ လေလှိုင်းသံ လူသတ်သမား၊ နားမယောင်လေနဲ့သတိထား"ဆိုတဲ့ ဆောင်ပုဒ်တွေဟာ အမှန်တွေချည်းပါပဲ။ ပြည်သူတွေ အသိတရားနဲ့ယှဉ်ပြီး သတိတရားနဲ့ ပေါင်းစပ်နိုင်အောင် ထိထိမိမိ သတိပေးနေတဲ့ ဆောင်ပုဒ်တွေဖြစ်ပါတယ်။ ဆယ်စုနှစ်ပေါင်းများစွာ အလိမ်အညာ လုပ်ကြံသွေးထိုးစကားတွေကို တွင်တွင်ပြောပြီး ကျွန်တော်တို့အများပြည်သူ စိတ်မချမ်းသာ၊ နားမချမ်းသာအောင် လုပ်လာခဲ့တာတွေအတွက် တစ်ချိန်ချိန်တော့ ထိုက်သင့်တဲ့အပြစ်ဒဏ်ကိုခံရမှာ မြေကြီးလက်ခတ်မလွဲပါဘဲ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ပြည်သူအားလုံးက ဒင်းတို့ရဲ့ အလိမ်အညာလှိုင်းကို ရှောင်ကွင်းပြီး လက်တစ်ကမ်းတောင်မလိုတော့တဲ့ ဒီမိုကရေစီ ပန်းတိုင်ကို မရောက်ရောက်အောင် ကြိုးပမ်းချီတက် ခရီးဆက်သွားမှာသာဖြစ်ကြောင်း အတိအလင်း ကြေညာမောင်းခတ်လိုက်ပါတယ်။ ။

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များကောင်စီ အစည်းအဝေးကျင်းပ

## ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဦးခင်အောင်မြင့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၉

ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်များကောင်စီ(၁/၂၀၁၀)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များကောင်စီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် တက်ရောက်သည်။





### တက်ရောက်

အစည်းအဝေးသို့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသော ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ ရှေးဟောင်း သုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ သမိုင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဒေါ်စန္ဒာခင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဦးတင်စိုး၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း၊ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ ရှေးဟောင်းသုတေသန ပညာရှင် ဒေါက်တာမျိုးသန့်တင်၊ ရုပ်သေးပညာရှင် ဦးရဲခွေး၊ မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များ အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးသန့်ဇင်(ပန်းချီလှတင်ထွန်း)၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ဒုတိယပါမောက္ခချုပ် (ငြိမ်း) ဒေါ်ခင်လှဌေး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးမောင်မောင်လတ်၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ဦးစိန်မာဒင်နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များကောင်စီ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးရန်နိုင်ဦးတို့ တက်ရောက်ကြသည်။ ရှေးဦးစွာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ ကောင်စီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်က အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

### ဆွေးနွေးတင်ပြ

ထို့နောက် အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြီး အစည်းအဝေး၌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တို့ရှိ သင်ကြားရေးဆိုင်ရာနှင့် စီမံရေးဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ ကောင်စီဝင် ပြန်လည်ဖွဲ့စည်းသည့် အဖွဲ့ဝင်အဆိုပြုစာရင်းများကို အတည်ပြုရေး၊ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့၊ ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့ အပ်နှင်းရေးနှင့် အရည်အချင်းသတ်မှတ်ချက်အတည်ပြုရေး၊ ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာန ဂုဏ်ထူးတန်းဖွင့်လှစ်နိုင်ရေး၊ ဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာ ဒီပလိုမာသင်တန်းဖွင့်လှစ်နိုင်ရေး၊ ဖွင့်လှစ်မည့်သင်တန်းများအတွက် သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများ အတည်ပြုရေး၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာ ဘွဲ့ကြိုသုံးနှစ် သင်တန်း၏ တတိယနှစ်သင်တန်းအတွက် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို ဖြည့်စွက်ပြင်ဆင်ရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များမှ အပ်နှင်းခဲ့သည့် ဘွဲ့ရစာရင်းများ၊ ဘွဲ့လွန်ပြတိုက်ပညာ ဒီပလိုမာ၊ ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာ ဒီပလိုမာ၊ ဘွဲ့လွန်အနုပညာ ဒီပလိုမာ၊ အနုပညာကွန်ပျူတာဒီပလိုမာများကို အတည်ပြုရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များကောင်စီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဦးခင်အောင်မြင့်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဝန်ကြီး ဦးအောင်ကြည် ပြည်တွင်းကုန်တင်ကုန်ချလုပ်သားများနှင့် တွေ့ဆုံ

## လုပ်သားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး မှာကြား

**နေပြည်တော် ဩဂုတ် ၉**

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် ဩဂုတ် ၇ရက် ညနေ ၃နာရီခွဲတွင် ကြည့်မြင်တိုင်မြို့နယ် ချောင်းဝဌာနခွဲနှင့် ကတ္တူဌာနခွဲရှိ ပြည်တွင်း ကုန်တင်ကုန်ချလုပ်သားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ **(အပေါ်ပုံ)**တာဝန်ရှိသူများအား လုပ်သားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ကိစ္စရပ်များကို မှာကြားပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

### ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ကြည့်မြင်တိုင်မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံးခန်းမ၌ ရန်ကုန်တိုင်း ခြောက်မြို့နယ် ပြည်တွင်း ကုန်တင်ကုန်ချ ကော်မတီရုံးများမှ မြို့နယ်ဦးစီးအရာရှိများ၊ ကြီးကြပ်ရေးမှူးများ၊ စောင့်ရှောက်ရေးမှူးများ၊ လုပ်သားမှူးများ၊ လုပ်သားစုမှူးများနှင့် တွေ့ဆုံ၍ လုပ်သားများ၏ သက်သာချောင်ချိရေးကိစ္စများ ဆွေးနွေးမှာကြားပြီးလုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

## အစီအစဉ်

(၁၃၇၂ခုနှစ် ဒုတိယဝါဆိုလကွယ်နေ့)
(ဥပုသ်နေ့)
၁၀-၈-၂၀၁၀ (အင်္ဂါနေ့)

### နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၁၅ ၈။ တေးဂီတအစီအစဉ်
၈:၃၀ ၉။ International News
၈:၃၅ ၁၀။ Islands of Dhamma
၈:၄၀ ၁၁။ ဘဒ္ဒန္တဇောတိပါလ (အဘိဓဇ မဟာရဋ္ဌဂုရုအဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက) နိုင်ငံတော်ဩဝါဒါစရိယ တွဲဖက်ရွှေကျင်သာသနာပိုင် သီရိမင်္ဂလာကြခတ်ဝိုင်းကျောင်းတိုက် ပဲခူးမြို့ ပဲခူးတိုင်း ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း

### ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ဆဋ္ဌမ အကြိမ်မြောက် မေ့ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) [အထက(၄)စမ်းချောင်း အမျိုးသားဝတ်ရွတ်အဖွဲ့]
၄:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (အရှေ့တိုင်းပညာ အထူးပြု) (အရှေ့တိုင်းပညာ)
၄:၅၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၆။ ကြေးမုံရိပ်သွင် တေးနှယဉ်
၅:၁၀ ၇။ **ဝေဠုဝန်ခေါ်ရုပ်ပွားတော် ထင်ပေါ်ကျော်ကြား စစ်ကိုင်းငါးထပ်ကြီးဘုရား**
၅:၂၀ ၈။ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၅:၄၅ ၉။ ရင်မှာစွဲထင်တေးအလှသံစဉ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၅၀ ၁၃။ ဆိုလိုက်ကြစို့
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာဆန်သူ...ကိုယ့်ချစ်သူ** (အပိုင်း-၇)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **မနေ့က သည်နေ့နဲ့ မနက်ဖြန်** (အယ်လ်ဆိုင်း၏၊ သရုပ်ဆောင်-နန်းဆုရတီစိုးနှင့်အဖွဲ့၊ တေးရေး-ဒီနေ့ပုဏ္ဏက)
၁၉။ ရယ်စရာဟာသများ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (ဒုတိယတွဲ) (အပိုင်း-၁၇)
၂၁။ ရုပ်ရှင်ပဟေဠိ
၂၂။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
၂၃။ အစီအစဉ်ပြီး၏။

# မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဩဂုတ် ၉

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်နှင့် ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ပဲခူးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**ဩဂုတ် ၁၀ရက် ညနေအထိ ခန့်မှန်းချက်မှာ** ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

# တစ်ချက်တည်းကျင်းဝင်

**နေပြည်တော် ဩဂုတ် ၉**

ဦးစိုးမင်းသည် ကစားဖော်များဖြစ်ကြသော ဦးထွန်းဇော်ချစ်၊ ဗိုလ်ကြီးဇော်မင်းမင်းဦး၊ ဦးကိုဦး၊ ဦးအိုက်လူတို့နှင့်အတူ ဇူလိုင် ၃၁ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ လွိုင်ကော်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Srixon (4) ဘောလုံးကို Taylor Made(PW) တုတ်ဖြင့်ရိုက်လိုက်ရာ ၁၁၈ ကိုက်အကွာ၌ရှိသော ကျင်းအမှတ် (၁၆)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# အမျိုးသားဘော်လီဘောပြိုင်ပွဲ (မန္တလေးဇုန်) ဗိုလ်လုပွဲ
## တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်ဆုချီးမြှင့်

မန္တလေး ဩဂုတ် ၉

အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်ဇုန်အဆင့် အမျိုးသား ဘော်လီဘောပြိုင်ပွဲ (မန္တလေးဇုန်) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၇ရက် နံနက် ၈ နာရီခွဲက မန္တလေးတက္ကသိုလ်အားကစားရုံ၌ ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်အားပေးပြီး ဆုများချီးမြှင့်ပေးအပ်သည်။

**အနိုင်ရရှိ**

ရှေးဦးစွာ ရတနာပုံတက္ကသိုလ်အသင်းနှင့် ကျောက်ဆည်တက္ကသိုလ်အသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်မှုကို တိုင်းမှူးနှင့်ပရိသတ်တို့က ကြည့်ရှုအားပေးသည်။ **(အပေါ်ယာပုံ)** ပြိုင်ပွဲတွင် ရတနာပုံတက္ကသိုလ်အသင်းက ကျောက်ဆည်တက္ကသိုလ်အသင်းကို သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရာ ဒုတိယဆုရ ကျောက်ဆည်တက္ကသိုလ်အသင်းကို အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းကလည်းကောင်း၊ ပထမဆုရ ရတနာပုံတက္ကသိုလ် အသင်းကို အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်ကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် မြို့တော်ဝန်ဦးဖုန်းဇော်ဟန်က နေရာအလိုက် အကောင်းဆုံးဆုရရှိသူများနှင့် အကောင်းဆုံးကစားသမားဆုရရှိသော ရတနာပုံတက္ကသိုလ်အသင်းမှ မောင်နိုင်လင်းတို့အား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူးက ပထမဆုရရှိသော ရတနာပုံတက္ကသိုလ်အသင်းအား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**





# ၂၀၁၀ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်
## စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၉**

၂၀၁၀ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဩဂုတ် ၈ရက် နံနက် ၉နာရီက နေပြည်တော်ပျဉ်းမနား အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်၊ ဆောင်းပါး၊ စာစီစာကုံး၊ ပိုစတာပြိုင်ပွဲ ကျင်းပရေးနှင့် ပြခန်းခင်းကျင်းပြသရေး ကော်မတီဥက္ကဋ္ဌ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(ဓါတ်ပုံ)**

**ယှဉ်ပြိုင်**

အဆိုပါပြိုင်ပွဲတွင် လှုံ့ဆော်ပြည်ရွာသာယာရေး၊ စာတတ်မြောက်ရေး ကြိုးပမ်းပေး ခေါင်းစဉ်ဖြင့် နေပြည်တော်ရှိ အထက်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများဝင်ရောက်ယှဉ်ပြိုင်ကြသည်။

၂၀၁၀ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများကို ဩဂုတ်၈ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲများကို လူတိုင်းအတွက် ပညာရေး၊ စာတတ်မြောက်ရေးဝိုင်းကူပေး ခေါင်းစဉ်ဖြင့် မွန်းလွဲပိုင်းတွင်လည်းကောင်း တစ်နိုင်ငံလုံး၌ ကျင်းပကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# BCB Centre မှ
## စီမံခန့်ခွဲမှု သင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် ဩဂုတ် ၉**

စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းကျောင်း Business Capacity Building(BCB) Centre က စီးပွားရေး စီမံခန့်ခွဲမှုသင်တန်း အပိုင်း(၁) Business Management Course (Part-I) သင်တန်းကို ဩဂုတ် ၁၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်း၌ Principles of Management, Account Knowledge for Managers,Marketing Management, Framework of Business Management, Entrepreneurship & SME Management and Production & Operations Management ဟူသည့် ဘာသာရပ်ခြောက်ခုကို Assignments ပေးခြင်း၊ အဖွဲ့လိုက်ဘာသာရပ်ဆိုင်ရာ ဆွေးနွေးခြင်း၊ Marketing Plan နှင့် Business Plan များကို နားလည်သဘောပေါက်စေရန် စနစ်တကျ သင်ကြားပေးပြီး အဖွဲ့အလိုက် Presentation ပြုလုပ်ခြင်း ဆောင်ရွက်မည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး သင်တန်းချိန်ကို မွန်းလွဲ ၂နာရီမှ ညနေ ၅နာရီအထိ စနေနှင့်တနင်္ဂနွေနေ့များတွင် စီစဉ်ထားသည်။ သင်ကြားမှု ထိရောက်စေရန် သင်တန်းသားဦးရေကိုလည်း ကန့်သတ်ထားသည်။

**ပို့ချမည်**

အလားတူ Understanding Bank Management & Financial Services သင်တန်းကို ဩဂုတ် ၁၀ရက်မှစတင်၍ အင်္ဂါနေ့မှ သောကြာနေ့ လေးရက် ညနေပိုင်း ရုံးချိန်ပြင်ပတွင် ဖွင့်လှစ်မည်ဖြစ်ကာသင်တန်းတွင် ဘဏ်လုပ်ငန်းနှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ ငွေကြေးဈေးကွက်များ (Bank Management and Stock Market) နှင့် ပတ်သက်သည့် အခြေခံအချက်အလက်များ၊ နိုင်ငံတကာဘဏ်လုပ်ငန်း (International Banking)၊ ဘဏ်ဥပဒေသများ (Banking Law)၊ ဘဏ်တစ်ခုစီ၏ စွမ်းဆောင်မှုကို လေ့လာစိစစ်ခြင်း (Understanding Bank Performance)၊ ငွေကြေးနှင့် Risk စီမံခန့်ခွဲခြင်း (Fund and Risk Management)၊ စသည်တို့နှင့် Basic Knowledge of Microfinance and Islamic Finance, Online Security Management အကြောင်းလည်း သင်ကြားပို့ချမည်ဖြစ်သည်။

သင်ကြားပို့ချမည့်သူမှာ Dr. Thaung Han (M.B;B.S, Dip.B.L,E.M.B.A) (Y.I.E), M.B.A (Purdue, USA), Ph.D Candidate ( University of Taxas, EP)က အခြား MBA ဘွဲ့ရလုပ်ငန်းရှင်များနှင့် တွဲဖက်၍ ပို့ချပေးမည်ဖြစ်သည်။

စိတ်ဝင်စားသူများအနေဖြင့် BCB Centre အခန်း (၄၀၅) ပန်းခြံတာဝါ အမှတ်(၈) ဗားကရာလမ်းနှင့် ဓမ္မစေတီလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် **ရန်ကုန်မြို့ ဖုန်း-၅၃၈၅၃၁** e-Mail: bcbcentre@ mptmail.com.mm bcbcentre009@ gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျောက်မီးသွေး ဝယ်ယူရေး သဘောတူစာချုပ် ချုပ်ဆို

**နေပြည်တော် ဩဂုတ် ၉**

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်းနှင့် တကောင်းတောင်နီကယ်သတ္တုတွင်းအား အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော Myanmar CNMC Nickel Co.,Ltd. နှင့်ထူးဟန်သစ်ကုမ္ပဏီလီမိတက်တို့၏ ကျောက်မီးသွေးဝယ်ယူရေး သဘောတူစာချုပ် ချုပ်ဆိုသည့် အခမ်းအနားကို ဩဂုတ်၇ရက် မွန်းလွဲ ၁နာရီက နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ် Presidential Suite ခန်းမ၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးဝင်းထိန်၊ Myanmar CNMC Nickel Co., Ltd. မန်နေဂျင်းဒါရိုက်တာ၊ ထူးဟန်သစ်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်က နှုတ်ခွန်းဆက် အမှာစကား ပြောကြားပြီး Myanmar CNMC Nickel Co., Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Wang Xlaowei နှင့် ထူးဟန်သစ်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးထင်လင်းကျော်တို့က သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးကြ၍ အပြန်အလှန် လဲလှယ်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မသန်စွမ်းသူများ တွေ့ဆုံဟောပြောပွဲ
## ကွမ်းခြံကုန်း၌ ကျင်းပ



**ကွမ်းခြံကုန်း ဩဂုတ် ၉**

မသန်စွမ်းသူများအတွက် ဆောင်ရွက်ပေးနေသော ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)ဥက္ကဋ္ဌ ဦးမြတ်သူဝင်း ဦးဆောင်သောအဖွဲ့သည် ဇူလိုင်၂၉ရက်က ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် စံပြရပ်ကွက်(၉)လမ်းရှိ ဝိဇယမင်္ဂလာကျောင်းတိုက်၌ မသန်စွမ်းသူများနှင့် တွေ့ဆုံ၍ မသန်စွမ်းမှုဆိုင်ရာ အသိပညာပေး ဟောပြောပြီး**(အပေါ်ပုံ)** ဆေးကုသရန် လိုအပ်သော မသန်စွမ်းသူလေးဦးကို ဆေးကုသရန် စီစဉ်ပေးကာ တွံတေးမြို့နယ်ရှိ မသန်စွမ်းသူများကို သွားရောက်တွေ့ဆုံ နှစ်သိမ့်ဆွေးနွေးသည်။

**ဖြည့်ဆည်းဆောင်ရွက်**

အလားတူ အတွင်းရေးမှူး ဦးငွေရ ဦးဆောင်သော မသန်စွမ်းအဖွဲ့သည်လည်း လှိုင်သာယာမြို့နယ်ရှိ မသန်စွမ်းသူများအဖွဲ့ဖြစ်သော တက်လမ်းအဖွဲ့ထံ သွားရောက်၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ဖောင်ဒေးရှင်း)**

# မရမ်းကုန်းမြို့နယ်
## စာပေနှင့်စာနယ်ဇင်းအဖွဲ့ မှုခင်းကာကွယ်ရေးဟောပြော

**ရန်ကုန် ဩဂုတ် ၉**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)၏ ဦးဆောင်မှု၊ မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုတို့ဖြင့် မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် မြို့နယ်ရဲတပ်ဖွဲ့၊ ရုပ်ရှင်၊ သဘင်၊ ဂီတအဖွဲ့များနှင့်ပူးပေါင်း၍ မရမ်းကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲများကို ဩဂုတ် ၅ရက် နံနက်က အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်ဇော်(ဦးခင်ဇော်-မရမ်းကုန်း)က အမှာစကားပြောကြားပြီး ရုပ်ရှင်နှင့်ဗွီဒီယိုသရုပ်ဆောင် ဝင်းနိုင်(အနုပညာ)၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် အကယ်ဒမီ ထွန်းထွန်းဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ဝင်းတို့က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ တရားမဝင်သုံးစွဲခြင်း၊ အလွဲသုံးစားပြုခြင်းနှင့် မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သော မှုခင်းများကြိုတင်ကာကွယ်ရေးတို့ကို ဟောပြောကြသည်။ အလားတူ ဩဂုတ် ၇ရက် နံနက်က အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌လည်း အသိပညာပေး ဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။ **(၁၁၁)**

# မိုးစပါးရေတော်မိုးတော်ထွန်တုံးပိတ်ပွဲ
## မအူပင်ခရိုင်၌ ကျင်းပ

**ရန်ကုန် ဩဂုတ် ၉**

ဧရာဝတီတိုင်း မအူပင်ခရိုင် မိုးစပါးရေတော်မိုးတော်ထွန်တုံးပိတ်ပွဲနှင့် တမန်းနှိုးမြေဩဇာကြဲပက်ပွဲကို ဩဂုတ် ၃ရက် နံနက် ၉နာရီက မအူပင်မြို့နယ် ငါးကြီးဂရက်ကျေးရွာအုပ်စု၌ ကျင်းပရာ တောင်သူဦးကြည်ထွန်း၏ လယ်မြေ၌ စုပေါင်းတမန်းနှိုး မြေဩဇာကြဲပက်ကြပြီး တောင်သူ ဦးစိုးတင့်၏ လယ်မြေ၌ ကောက်စိုက်သမ ဖ၀ဖြင့် မိုးစပါးရေတော်မိုးတော်ထွန်တုံးပိတ် စုပေါင်းကောက်စိုက်ကြသည်။

အဆိုပါ ထွန်တုံးပိတ်တမန်းနှိုးပွဲသို့ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးညွန့်စိန်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအဖွဲ့ဝင်များ၊ ဆန်စပါးအထူးပြု ရေဝတီစီးပွားရေးလုပ်ငန်းစု ကုမ္ပဏီလီမိတက် (မအူပင်)မှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုများမှ ဒေသခံတောင်သူလယ်သမားများ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကတ္တရာထပ်ပိုးလွှာခင်း

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ် အနော်ရထာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လမ်းအခြေအနေကို ဩဂုတ် ၁ရက်က အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် တာဝန်ခံ အင်ဂျင်နီယာမှူး ဦးထွန်းထွန်းနိုင်တို့အား အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သီရိက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



# သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# ခရိုင်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲ

## တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်

နေပြည်တော် ဩဂုတ် ၉

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း ခရိုင်ပေါင်းစုံ အသက် ၂၅နှစ်အောက် အမျိုးသား အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၈ရက်က စစ်တွေမြို့နယ် အားကစားခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

### ကြည့်ရှုအားပေး

ရေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဖွင့်ပွဲနေ့အသင်းများ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## Chigo Aircon အရောင်းဆိုင်ရှင်များအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၉

Myanmar Classic Group Co., Ltd. ၏ နှစ်ပတ်လည် ညစာစားပွဲနှင့် အရောင်းဆိုင်ရှင်များအား ဂုဏ်ပြုပွဲကို ဩဂုတ် ၇ရက် ည ၆နာရီခွဲက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

ရှေးဦးစွာ Gaungdong Chigo Aircon Co., Ltd. မှ President and CEO of Chigo Mr. Li Xinghao က နှုတ်ခွန်းဆက်စကား ပြောကြားပြီး Myanmar Classic Group Co., Ltd. မှ ဒါရိုက်တာ ဦးနေမျိုးအောင် **(အပေါ်ပုံ)**က Chigo Airconditioner နှင့် ကုမ္ပဏီ၏ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

Gaungdong Chigo Aircon Co., Ltd. သည် Chigo Aircon တစ်မျိုးတည်းကိုသာ အထူးထုတ်လုပ်၍ ကမ္ဘာအနှံ့ ဖြန့်ဖြူးရောင်းချလျက်ရှိသည့် တရုတ်နိုင်ငံတွင် နာမည်ကြီး Aircon ကုမ္ပဏီဖြစ်ပြီး Myanmar Classic Group Co., Ltd. သည် အိမ်သုံး၊ လုပ်ငန်းသုံး၊ စက်ရုံသုံး Aircon မျိုးစုံကို မြန်မာနိုင်ငံ၌ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တရားဝင် တင်သွင်းဖြန့်ဖြူးရောင်းချနေသော ကုမ္ပဏီ ဖြစ်သည်။

Chigo Aircon မျိုးစုံကို အာမခံ ကာလသုံးနှစ်ပေးထားပြီး ပထမတစ်နှစ် အတွင်း ပစ္စည်းဖိုးလက်ခ အခမဲ့၊ ကျန် နှစ်နှစ်တွင် လက်ခ အခမဲ့ဖြင့် သုံးစွဲသူများ အဆင်ပြေအောင် ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ Warranty ကာလကျော်လွန် သွားသော Aircon များကိုလည်း လိုအပ် သော အစိတ်အပိုင်းများ အလွယ်တကူ ရရှိ နိုင်အောင်စီမံထားကြောင်း၊ Myanmar Classic Group Co., Ltd. က တင်သွင်းရောင်းချလျက်ရှိသော Aircon မျိုးစုံကို ဆက်သွယ်ဝယ်ယူလိုပါက အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ် ဆိုင်ကြီးများနှင့် ရုံးချုပ် အမှတ်၂၁၆ မြေညီထပ် ၃၈လမ်း(အပေါ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၃၄၇၂၊ ၇၀၅၀၆၀၊ ၀၉-၅၀၆၆၉၃၉ နှင့် ၀၉-၅၁၇၆၇၈၉ တို့သို့ စုံစမ်းမေးမြန်း ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဝန်ကြီး ဦးအောင်သောင်း မကွေးတိုင်းအတွင်း စက်ရုံများစစ်ဆေး

နေပြည်တော် ဩဂုတ် ၉

**အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ဩဂုတ် ၆ရက် နံနက် ၈နာရီက ဝင်းသူဇာအရောင်းဆိုင် (ကျောက်ပန်းတောင်း)သို့ ရောက်ရှိပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာနလုပ်ငန်းများမှ ထုတ်လုပ်သည့် ပစ္စည်းများရောင်းချမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ ပစ္စည်းအမယ်စုံလင်စွာ ရောင်းချရန်နှင့် ရောင်းကုန်ပစ္စည်းပြတ်လပ်မှုမရှိစေရန် မှာကြားခဲ့သည်။**

ထို့နောက် မကွေးတိုင်း ချောက်မြို့နယ်ရှိ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဟိုက်ဒရိုဂျင်ပါအောက်ဆိုက် စက်ရုံသို့ ရောက်ရှိစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့သည်။

### မှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးဦးအောင်သောင်းသည် မကွေးတိုင်း ချောက်မြို့နယ်၏ အနောက်တောင်ဘက် လေးမိုင်အကွာ၌ မြန်မာ့ကြွေထည် မြေထည် လုပ်ငန်းက အကောင်အထည်ဖော်နေသော အဆင့်မြင့်ကြွေသီးစက်ရုံ (ချောက်) စီမံကိန်းသို့ ရောက်ရှိစစ်ဆေးပြီး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေး၍ Show Room ၌ စမ်းသပ်အောင်မြင်ထုတ်လုပ်နေသော 11 KV Disc Insulator ၊ 33 KV Disc Insulator၊ 32 KV Disc Insulator၊ 33 KV Hollow Bush Insulator နှင့် 66 Line Post Insulator ပစ္စည်းများ၏ အရည်အသွေးကောင်းမွန်မှုကို ကြည့်ရှုစစ်ဆေးကာ စံချိန်စံညွှန်းမီအရည်အသွေး မြင့်ကြွေသီးများ ထုတ်လုပ်ကြရန်၊ တာဝန်ရှိသူအဆင့်ဆင့်က အလေးထား ဂရုပြုဆောင်ရွက်ကြရန် မှာကြားသည်။

### ထုတ်လုပ်ဖြန့်ဖြူး

အဆိုပါ စက်ရုံမှ 500 KV၊230 KV ဗို့အားခံကြွေသီး(Disc Type)၊ 132 KV (Disc Type နှင့် Post Type)၊ ဗို့အားခံ ကြွေသီးများ 66 KV၊ 33 KV၊ 11 KV Disc Type ၊ Pim Type နှင့် Bush Type ဗို့အားခံကြွေသီးများကို ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်မည်ဖြစ်သည်။

(သတင်းစဉ်)

## စစ်မှုထမ်းဟောင်းအဖွဲ့ဝင်သားသမီးများအား တိုက်ကြီးမြို့နယ်၌ ပညာသင်စရိတ်ထောက်ပံ့



ရန်ကုန် ဩဂုတ် ၉

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က အဖွဲ့ဝင်သားသမီးများအတွက် ပညာသင် ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၆ရက် နံနက် ၁၀နာရီက မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်ပညာရေးမှူး ဦးထွေးကြည်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်း၊ အဖွဲ့ဝင်များနှင့် သားသမီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုက်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီး အောင်မြင့်(ငြိမ်း) **(အပေါ်ပုံ)**နှင့် တာဝန်ရှိသူများက ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူငါးဦးနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် အထက်တန်းပညာ သင်ယူနေသော ကျောင်းသား ကျောင်းသူ ၃၄ ဦးတို့အား ပညာသင်ထောက်ပံ့ငွေ ကျပ်ငါးသိန်းသုံးသောင်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပုလောမြို့နယ် ကော်မရှင်အဖွဲ့ခွဲ

## ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းပို့ချ



ပုလော ဩဂုတ် ၉

မြိတ်ခရိုင် ပုလောမြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ရပ်ကွက်နှင့်ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် အဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းပို့ချခြင်းကို ဇူလိုင် ၁၇ရက်နှင့် ၁၈ရက်များက ကမ်းရိုးတန်းရတနာခန်းမ၌ ကျင်းပသည်။ သင်တန်းတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာအောင်သာ**(အပေါ်ပုံ)**နှင့် အဖွဲ့ဝင်များက ရွေးကောက်တင်မြှောက်ပွဲဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ ဥပဒေများနှင့်နည်းဥပဒေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်လေးခုနှင့် ကျေးရွာအုပ်စုတစ်စုတို့မှ သင်တန်းသားသင်တန်းသူ ၂၁၈ဦး တက်ရောက်ကြသည်။

### ဖွင့်လှစ်ပို့ချ

ထို့အတူ ပုလောမြို့နယ်ကော်မရှင်အဖွဲ့ခွဲအနေဖြင့် အစုအဖွဲ့သုံးဖွဲ့ဖြင့် ရပ်ကွက်နှင့်၊ ကျေးရွာအုပ်စုများသို့ကွင်းဆင်းကာ ရပ်ကွက်နှင့် ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား သင်တန်းများ ဖွင့်လှစ်ပို့ချခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

**ရှမ်းပြည်နယ် (မြောက်ပိုင်း) ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းတွင် ဇူလိုင် ၂၀ရက်က ကုန်သွယ်မှု မြှင့်တင်ရေးအစည်းအဝေး ကျင်းပရာ တာဝန်ခံဦးရဲနောင် (လက်ထောက်ညွှန်ကြားရေးမှူး)က အမှာစကားပြောကြားစဉ်။**

(ခရိုင် ပြန်/ဆက်)



**တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဗောင်းတော်ချုပ်လမ်းအား မြေသားပြုပြင် ဆောင်ရွက်ခြင်းကို ဇူလိုင် ၂၈ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းထူးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းလှိုင်တို့က ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



**တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အေးသာယာမြို့သစ်သို့ နောင်အင်ရေထွက်မှ တိုးချဲ့ရေပေးရေးအတွက် 60 HP မော်တာနှင့် ပန့်တပ်ဆင်နေမှုကို ဩဂုတ် ၅ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မြင့်နှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## မြဝတီရုပ်မြင်သံကြား

၁၀-၈-၂၀၁၀

(အင်္ဂါနေ့)

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | တရားတော် |
| ၇:၂၀ | ၃။ | အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ သီလ၊ သမာဓိ၊ ပညာ၊ ဝီရိယ စေတနာဂုဏ်အဖြာဖြာ |
| ၇:၂၅ | ၄။ | ဓမ္မပူဇာတေး |
| ၇:၃၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၇:၃၅ | ၆။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၄၀ | ၇။ | မြန်မာသံစဉ် ချိုနှားဝင် |
| ၇:၄၅ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၉။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |

### ညပိုင်း

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄:၂၀ | ၄။ | အလွမ်းတေးပန်းချီ ချစ်သူဆီ |
| ၄:၃၅ | ၅။ | မြတ်နိုးကြစေ အမျိုးသားအမွေ |
| ၄:၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅:၁၀ | ၇။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၅:၂၅ | ၈။ | မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| ၅:၃၅ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅:၄၀ | ၁၀။ | ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **မိုးသောက်ကြယ်** (အပိုင်း-၈) |
| ၆:၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆:၂၀ | ၁၃။ | လျှပ်တစ်ပြက် |
| ၆:၃၀ | ၁၄။ | အောင်မြင်ခြင်းလမ်းမ |
| ၆:၄၀ | ၁၅။ | အကြင်နာလက်တစ်စုံ |
| ၇:၀၀ | ၁၆။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၃၈) |
| ၈:၀၀ | ၁၇။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်း |
| | ၁၉။ | မိုးလေဝသသတင်း |
| | ၂၀။ | အမျိုးသားရေးတေးကဗျာ |
| | ၂၁။ | မွေးမြူသုတ |
| | ၂၂။ | ဟာသရုပ်စုံ |
| | ၂၃။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၆၉) |
| | ၂၅။ | **Mini Series** (အပိုင်း-၄) |

# နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် ပွဲစဉ်များ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၉**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ်နေပြည်တော်ဝန်ကြီး ဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပွဲစဉ်များကို ဩဂုတ် ၇ရက်တွင် ကျင်းပပြီးစီးခဲ့ပြီး ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ဩဂုတ် ၁၁ရက်မှစ၍ နေပြည်တော်ဘောလုံးပြိုင်ကွင်းနှင့် နေပြည်တော်ပေါင်းလောင်း ဘောလုံးပြိုင်ကွင်းတို့၌ ဆက်လက်ကျင်းပမည်ဖြစ်သဖြင့် ပြိုင်ပွဲကျင်းပရေးအသင်းအုပ်ချုပ်သူများ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပ၍ ဒုတိယအဆင့်အတွက် အုပ်စုခွဲ မဲနှိုက်ကြရာ ဒုတိယအဆင့်အုပ်စုများအဖြစ် (ကက)အုပ်စုတွင် သစ်တောရေးရာ ဝန်ကြီးဌာနအသင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း၊ (ခခ) အုပ်စုတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်း၊ အလုပ်သမားဝန်ကြီးဌာနအသင်း၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းနှင့် သတ္တုတွင်းဝန်ကြီးဌာနအသင်း၊ (ဂဂ)အုပ်စုတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်း၊ အားကစား ဝန်ကြီးဌာနအသင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းနှင့် သမဝါယမဝန်ကြီးဌာန အသင်း၊ (ဃဃ) အုပ်စုတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနအသင်း၊ စွမ်းအင်ဝန်ကြီးဌာနအသင်း၊ ကာကွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ပါဝင်ကြသည်။

### ယှဉ်ပြိုင်ကစားမည်

ဩဂုတ် ၁၁ရက်တွင် ဒုတိယအဆင့်အုပ်စုပတ်လည် ပထမပွဲစဉ်များအဖြစ် နေပြည်တော်ဘောလုံးပြိုင်ကွင်း၌ သစ်တောရေးရာဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပေါင်းလောင်းဘောလုံးပြိုင်ကွင်း၌ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်းနှင့် ပွဲစဉ်များကို စနေ၊ တနင်္ဂနွေနေ့များမှအပ နေ့စဉ် ညနေ ၄နာရီတွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

မြန်မာ့အလင်း **နိုင်ငံတကာ ဖောင်ပိတ်သတင်း**

## ပေါ်တူဂီ၌ တောမီးလောင်မှု ပိုမိုကျယ်ပြန့်လာ

**ကောင်းမြတ်သူ - စုစည်းသည်**

*လစ္စဘွန်း ဩဂုတ် ၉*

*ပေါ်တူဂီနိုင်ငံ အလယ်ပိုင်းတွင် အပူချိန်မြင့်တက်လာမှုကြောင့် တောမီးများလောင်ကျွမ်းလျက်ရှိကြောင်း၊ တောမီးလောင်ရာနေရာများ ကျယ်ပြန့်လာနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။*

*မီးငြိမ်းသတ်*

*အဆိုပါ တောမီးများမှာ ဇူလိုင်လကုန်ပိုင်းမှစ၍ လောင်ကျွမ်းရာမှ ပျံ့နှံ့လာခြင်းဖြစ်ကြောင်း၊ အဆိုးရွားဆုံးမှာ နိုင်ငံမြောက်ပိုင်း ဘရာဂါနှင့် ရီဘိုဒယ်လိုတို့၌ဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက မြေပြင်တွင် မီးသတ်ယာဉ်များ အသုံးပြုပြီး မီးငြိမ်းသတ်နေသကဲ့သို့ ဝေဟင်မှလည်း လေယာဉ်များအသုံးပြု၍ မီးငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။ (အောက်ပုံ) (အင်တာနက်)*



## မော်စကိုမြို့၌ အဆိပ်သင့်မီးခိုးများလွှမ်းနေ နေ့စဉ်ပျမ်းမျှ လူ ၇၀၀ခန့်သေဆုံးနေရဟုဆို

*မော်စကို ဩဂုတ် ၉*

*ရုရှားနိုင်ငံ မြို့တော်မော်စကို၌ တောမီးများလောင်ကျွမ်းရာမှ အဆိပ်သင့်မီးခိုးများနှင့် အပူလွန်ကဲပြီး ချွေးထွက်လွန်မှုကြောင့် လူများသေဆုံးမှုသည် နေ့စဉ်ပျမ်းမျှ ၇၀၀ခန့်ရှိလာကြောင်း ကျန်းမာရေးဆိုင်ရာ ထိပ်တန်း တာဝန်ရှိတစ်ဦးက ပြောကြားလိုက်သည်။*

*နှစ်ဆတိုး*

*လွန်ခဲ့သော သီတင်းပတ်များက မော်စကိုမြို့တွင် အပူလှိုင်းများ ကျရောက်၍လည်းကောင်း၊ မီးခိုးများရှူရှိုက်မိသဖြင့် အသက်ရှူကျပ်၍လည်းကောင်း သေဆုံးသူအရေအတွက် နှစ်ဆတိုးလာကြောင်း၊ ယင်းမှာ ယမန်နှစ်အလားတူကာလနှင့် နှိုင်းဆလျှင် မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးတာဝန်ရှိသူ အင်ဒရီဆက်ဆိုဘီက ပြောကြားသည်။*

*မော်စကိုမြို့ကို ဩဂုတ် ၉ရက်အထိ ခြောက်ရက်ဆက်တိုက် မီးခိုးများ ဝိုင်းရံလျက်ရှိကြောင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အဆိပ်သင့် မီးခိုးများ သိပ်သည်းထူထပ်စွာ ဖုံးလွှမ်းနေကြောင်း ၎င်းက ပြောကြားသည်။*

*ထိုနေ့အထိ ရုရှားနိုင်ငံတစ်ဝန်း တောမီးများ ဆက်လက်လောင်ကျွမ်းနေကြောင်း၊ အဓိကအားဖြင့် နိုင်ငံအနောက်ပိုင်းတွင်ဖြစ်ကြောင်း၊ မော်စကိုမြို့အနီး တောမီးလောင်ကျွမ်းနေရာ ၄၀အပါအဝင် နိုင်ငံတစ်ဝန်း မီးလောင်နေရာ ၅၅၀ခန့်ဖြစ်ပေါ်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။ (အောက်ပုံ) (အင်တာနက်)*



---

မြန်မာ့အလင်း **နိုင်ငံတကာ ရုပ်ရှင်နှင့် အနုပညာ** နိုင်ငံတကာ ရုပ်ရှင်နှင့် အနုပညာ

## ဟောလိဝုဒ်၌ ဝင်ငွေအကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်များ

**စုစည်းရေးသားသူ - မိုးမြင့်လင်းလက်**

*လော့စ်အိန်ဂျလိစ် ဩဂုတ် ၉*

*အာရှနှင့် ဥရောပတို့၏ ယဉ်ကျေးမှုနှင့် အနုပညာတို့က ကွဲပြားသည်။ ထို့အတူ အနုပညာကို ဖော်ထုတ်ပြသမှုအပိုင်းတွင်လည်း မတူညီချေ။ သို့သော် သရုပ်ဆောင်မှုအပိုင်း၌ ပီပြင်ကြသည်။ အာရှသားတို့အနေဖြင့် အနောက်တိုင်းသားတို့၏ သရုပ်ဆောင်မှုကိုသာ နမူနာယူပြီး ၎င်းတို့၏ ဝတ်စားဆင်ယင်မှု၊ နေထိုင်မှုပုံစံကို နမူနာမယူသင့်ချေ။ ကိုယ့်ယဉ်ကျေးမှုနှင့် ကိုယ်သာဖြစ်သည်။ ယခု လူအများနှုတ်ဖျားတွင် သရုပ်ဆောင်မှုအပိုင်း၌ ရေပန်းစားနေသည့် ဟောလိဝုဒ်ရုပ်ရှင်လောကမှ မင်းသမီးများအနက် ၂၀၀၉ခုနှစ် ဇွန်လမှ ၂၀၁၀ဇွန်လအတွင်း ဝင်ငွေအကောင်းဆုံး ရုပ်ရှင်သရုပ်ဆောင် ၁၀ဦးကို ဖောဘတ်မဂ္ဂဇင်းက ရွေးချယ်ဖော်ပြခဲ့သည်။၎င်းတို့အနက် အချို့ကို ဖော်ပြရပါလျှင်–*



### ဒရူးဘယ်ရီမိုး

အမေရိကန်ဟောလိဝုဒ်၌ အဋ္ဌမမြောက် ဝင်ငွေအကောင်းဆုံးသရုပ်ဆောင်အမျိုးသမီးဖြစ်သည်။ ၂၀၀၉ ခုနှစ် ဇွန်လမှ ၂၀၁၀ခုနှစ် ဇွန်လအထိ ဝင်ငွေ အမေရိကန် ဒေါ်လာ ၁၅သန်းရရှိခဲ့သည်။ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့၌ ၁၉၇၅ ခုနှစ် ဖေဖော်ဝါရီ ၂၂ရက်၌ မွေးဖွားခဲ့သူဖြစ်သည်။ အသက် ၂၅နှစ်အရွယ်၌ ပင် အောင်မြင်သည့် သရုပ်ဆောင်တစ်ဦးဖြစ်ခဲ့သည်။ သရုပ်ဆောင်၊ ထုတ်လုပ်သူနှင့် ဒါရိုက်တာအလုပ်တို့ကို ထူးချွန်စွာ ဆောင်ရွက်နိုင်သည့် စွယ်စုံအနုပညာရှင်တစ်ဦးဖြစ်သည်။ ၂၀၁၀ ခုနှစ်၌ ရွှေကမ္ဘာလုံးဆုရရှိထားသည့် သရုပ်ဆောင်လည်း ဖြစ်သည်။



### ခရစ္စတန်စတီးဝပ်

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့အိန်ဂျလိစ်မြို့၌ ၁၉၉၀ပြည့်နှစ် ဧပြီ ၉ရက်၌ မွေးဖွားခဲ့သူဖြစ်သည်။ မိဘများနှင့်အတူ နေထိုင်သူဖြစ်ပြီး အိမ်ထောင်မရှိသူဖြစ်သည်။ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂သန်းဖြစ်ပြီး ဒသမမြောက် ဝင်ငွေအကောင်းဆုံးဖြစ်သည်။ ၂၀၀၉ ခုနှစ်၌ "Twilight" ရုပ်ရှင်ဇာတ်ကားဖြင့် တစ်ရှိန်ထိုး နာမည်ကြီးခဲ့သူဖြစ်ပြီး ဟောလိဝုဒ်၌ ပရိသတ်လက်ခံအားပေးသည့် အမျိုးသမီးသရုပ်ဆောင်တစ်ဦးလည်း ဖြစ်သည်။



### မာရယ်စထရစ်

ဟောလိဝုဒ်၌ နဝမမြောက် ဝင်ငွေအကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဖြစ်သည်။ ၂၀၀၉ ခုနှစ် ဇွန်လမှ ၂၀၁၀ခုနှစ် ဇွန်လအထိ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၃သန်းရရှိခဲ့သည်။ အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် ဆန်းမစ်မြို့၌ ၁၉၄၉ ခုနှစ် ဇွန် ၂၂ရက်၌ မွေးဖွားခဲ့သူဖြစ်သည်။ "Jane ","Voice of Mrs. Fox"၊ "Julia Child" ရုပ်ရှင်ဇာတ်ကားများဖြင့် နာမည်ကြီးခဲ့သူဖြစ်သည်။ ၂၀၁၀ခုနှစ်၌ "Julie & Julia " ရုပ်ရှင်ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆု ရရှိခဲ့သည်။ **(အင်တာနက်)**

---

# ကမ္ဘာတစ်ဝန်း ရေဘေးဒုက္ခကြုံရမှုများ

**မောင်မောင်မြင့်ဆွေ စုစည်း ရေးသားသည်**

**ကမ္ဘာ့ရာသီဥတုဖောက်ပြန်လာမှုကြောင့် ကမ္ဘာတစ်ဝန်း ရေလွှမ်းမှုများဖြစ်ပေါ်လျက်ရှိသည်။ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းနေမှုကြောင့် ရေလွှမ်းမှုဖြစ်ပေါ်နေသော ကမ္ဘာ့နိုင်ငံအချို့တွင် သေဆုံးမှု၊ အိုးအိမ်ပျက်စီးမှုနှင့် စားနပ်ရိက္ခာပြတ်လပ်မှုများဖြင့် ကြုံတွေ့ရင်ဆိုင်နေရဆဲဖြစ်သည်။**

### ပါကစ္စတန်

ဇူလိုင် ၂၉ရက်မှ စတင်ကာ သည်းထန်စွာရွာသွန်းခဲ့သော မိုးကြောင့် ပါကစ္စတန်နိုင်ငံ ခိုင်ဘာပက်တွန် ခဝါပြည်နယ်၊ ပန်ဂျပ်ပြည်နယ်နှင့် ပါကစ္စတန်နိုင်ငံမြောက်ပိုင်း ဒေသများတွင် ရေလွှမ်းမိုးမှုကို ပြည်သူ လေးသန်းကျော် ဆိုးရွားစွာ ကြုံတွေ့နေရသည်။ ယခု ရေလွှမ်းမှုသည် ပါကစ္စတန် နိုင်ငံသမိုင်းတွင် အဆိုးရွားဆုံးဖြစ်ရာ ဩဂုတ် ၉ရက်အထိ သေဆုံးသူဦးရေမှာ ၁၆၀၀ ကျော်ရှိပြီဖြစ်သည်။ ခိုင်ဘာပက် တွန်ခဝါ ပြည်နယ်တစ်ခုတည်းမှာပင် ဒေသခံပြည်သူ ၁၀၀၀ ကျော်သေဆုံးပြီး လူတစ်သန်းကျော်မှာ ရေဘေးဒုက္ခကြုံတွေ့နေရဆဲဖြစ်သည်။ ပါကစ္စတန်မြောက်ပိုင်းမှ တောင်ပိုင်းအထိ မြစ်၊ ချောင်းများနှင့် နီးစပ်သည့် မြေနိမ့်ဒေသများတွင် ရေလွှမ်းမှုများ ထပ်မံဖြစ်ပေါ်မည့်အန္တရာယ်ရှိနေသည်။ ရေလွှမ်းမှုနှင့် ဆက်စပ်ကာ မြေပြိုမှုများ ဖြစ်ပွားနေရာ မြေပြိုမှုကြောင့် ဩဂုတ် ၉ရက်အထိ ဒီရာလောရာ ခရိုင်နှင့် ဂီလ်ဂစ်ဘယ်လ်တီ စတန်ခရိုင် တို့တွင် သေဆုံးသူ ၁၇၃ ဦးကျော်နေပြီဖြစ်သည်။ ပါကစ္စတန်အစိုးရက ထပ်မံ ရေလွှမ်းနိုင်သည့် ဒေသများ၌ သတိပေးချက်များ ထုတ်ပြန်ပေးထားသည်။

### အိန္ဒိယ

ထို့အတူ အိန္ဒိယနိုင်ငံ လာဒက်ဒေသတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် သုံးရက်ကြာရေလွှမ်းမှုများဖြစ်ပေါ်လျက်ရှိရာ လက်ချ်မြို့ဝန်းကျင်ဒေသတွင် ဩဂုတ် ၉ရက်အထိ ဒေသခံ ၁၅၀ ကျော်သေဆုံးခဲ့ရသည်။ နေအိမ်များပျက်စီးပြီး ဆက်သွယ်ရေး တာဝါတိုင်များ ပြိုလဲကျခဲ့သဖြင့် ဆက်သွယ်ရေး ပြတ်တောက်လျက်ရှိသည်။ တစ်ဖန် အဝေးပြေးကားလမ်းများပေါ်တွင် ရေများ ၁၅ပေအထိ ဖုံးလွှမ်းနေသဖြင့် မော်တော်ယာဉ် သွားလာရေးမှာ ရပ်ဆိုင်းလျက်ရှိသည်။ ရေလွှမ်းမှုကြောင့် ဒေသခံ ၂၅၀၀၀ ကျော် ရေဘေးဒုက္ခ ကြုံတွေ့နေရပြီး လူ ၃၀၀ ခန့် ပျောက်ဆုံးကာ ကမ္ဘာလှည့်ခရီးသွား ဧည့်သည် ၃၀၀ ကျော် ပိတ်မိနေလျက်ရှိသည်။ ဇန်ကာတောင်ကြားဒေသတွင် ကမ္ဘာလှည့်ခရီးသည် ၁၅၀ ကျော် ပိတ်မိနေရာ အိန္ဒိယအစိုးရက ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ရေး လုပ်ငန်းများ အမြန်ဆောင်ရွက်ပေးလျက်ရှိသည်။



ပါကစ္စတန်နိုင်ငံ မြောက်ပိုင်းဒေသများ၌ ရေဘေးဒုက္ခကြုံတွေ့နေရသူများ····။



အိန္ဒိယနိုင်ငံ လာဒက်ဒေသတွင် ရေလွှမ်းမှု ဖြစ်ပေါ်နေသည်ကို တွေ့ရစဉ်။

အနောက်မြောက်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် လာမည့် ၄၈ နာရီအတွင်း မိုးသည်းထန်စွာ ဆက်လက် ရွာသွန်းမည်ဟု ပါကစ္စတန် မိုးလေဝသ ဌာနမှ သတင်းထုတ်ပြန်ထားရာ ရေလွှမ်းမှု အနေအထားမှာ လျော့ပါးမည့် အခြေအနေမရှိချေ။

### မြစ်ရေလျှံ

မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းမည်ဖြစ်ရာ ပါကစ္စတန်နိုင်ငံတစ်ဝန်းရှိ အဓိကမြစ်များ ရေလျှံမှုဖြစ်ပွားနိုင်ကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်ထားသည်။ ဆင်းပြည်နယ်၊ ပန်ဂျပ်ပြည်နယ်အပါအဝင် နိုင်ငံ

### ပိုလန်

ပိုလန်နိုင်ငံ အနောက်တောင်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ရာ ရေကာတာများ၊ ဆည်တမံများ ကျိုးပေါက်ပြိုကျခဲ့သည်။ ဘိုဂါတိုင်နီးယားမြို့နှင့် အနီးဝန်းကျင်ဒေသများတွင် နေအိမ်များ ရေလွှမ်းမိုးမှုကြောင့် ဒေသခံ ၁၀ ဦးကျော် သေဆုံးခဲ့ရသည်။

### ချက်သမ္မတနိုင်ငံ

ထို့အတူ ချက်သမ္မတနိုင်ငံတွင်လည်း ဩဂုတ် ၉ ရက်က မိုးသည်းထန်စွာ ဆက်လက် ရွာသွန်းခဲ့သဖြင့် နူကီရာချန်မြို့တွင် သုံးဦးသေဆုံးကာ ဒေသခံအချို့ ပျောက်ဆုံးလျက်ရှိသည်။ ရေလွှမ်းမှုကြောင့် နေအိမ်များ ရေလွှမ်းလျက်ရှိရာ ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေရသည်။

ကမ္ဘာ့နိုင်ငံအချို့၌ ရေလွှမ်းမှုများ ဆက်လက် ဖြစ်ပေါ်နေသဖြင့် ပြည်သူများ ရေဘေးဒုက္ခနှင့် ကြုံတွေ့နေဆဲပင်။ ။

**ကိုးကား–အင်တာနက်**



ပိုလန်နိုင်ငံ ဘိုဂါတိုင်နီးယားမြို့၌ ရေလွှမ်းနေသည့် မြင်ကွင်း။

10-8 (12).pmd 1 8/10/2010, 2:50 AM

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

## ကမ္ဘာ့အားကစား သတင်းအတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

### ထရိုချိုစကီးအား မန်ယူခေါ်ယူဖွယ်

*မန်ယူအသင်းသည် ဝါဒါဘရီမင်အသင်းမှ ကစားသမား မီဆွတ်အိုဇီးလီအား စာချုပ်ခေါ်ယူရေး မအောင်မြင်ပါက ၎င်း၏ဂျာမနီ လက်ရွေးစင်အသင်း ကစားဖော်ဖြစ်ပြီး လက်ရှိဟမ်းဘတ်ဂ်အသင်းတွင် ကစားနေသော ကွင်းလယ်တိုက်စစ်မှူး ပီလော့ထရိုချိုစကီးအား စာချုပ်ခေါ်ယူဖွယ်ရှိကြောင်း သိရသည်။*

### မီတာ ၁၀၀ ဂက်တလင်ဗိုလ်စွဲ

*အမေရိကန်တာတိုအပြေးသမား ဂျူစတင်ဂက်တလင်သည် တားမြစ်ဆေးသုံးစွဲမှုကြောင့် လေးနှစ်ကြာ ပြိုင်ပွဲဝင်ခွင့် ပိတ်ပင်ခံခဲ့ရပြီးနောက် ပြန်လည်ပြိုင်ပွဲဝင်ခဲ့သည့် အက်စတိုးနီယား ပြေးခုန်ပစ် မီတာ၁၀၀ပြိုင်ပွဲတွင် ၁၀ဒသမ၀၄ စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲကာ တာထွက်ကောင်းခဲ့သည်။ အိုလံပစ်နှင့် ကမ္ဘာ့ချန်ပီယံဟောင်းဖြစ်သည့် အသက် ၂၈နှစ်အရွယ်ရှိ ဂက်တလင်၏ ယခင်က အကောင်းဆုံးစံချိန်မှာ ၉ဒသမ၈၅ စက္ကန့်ဖြစ်ကြောင်း သိရသည်။*

### စင်စင်နာတီတင်းနစ် ဗီးနပ်စ်ကျောခိုင်းခဲ့ရ

*ဂရင်းဆလမ်တင်းနစ်ဆုဖလား ခုနစ်ဆုရှင်ဖြစ်သည့် အသက် ၃၀အရွယ်ရှိ အမေရိကန် တင်းနစ်မယ် ဗီးနပ်စ်ဝီလျံသည် ၎င်း၏ ဘယ်ဘက်ဒူးခေါင်းတွင် ဒဏ်ရာရရှိခဲ့မှုကြောင့် ဩဂုတ် ၈ရက်မှစတင်ကာ ဩဂုတ် ၁၅ရက်အထိ အမေရိကန်နိုင်ငံ စင်စင်နာတီမြို့၌ ကျင်းပလျက်ရှိသည့် အမျိုးသမီး အိုးပင်းတင်းနစ်ပြိုင်ပွဲကို ကျောခိုင်းခဲ့ရပြီ ဖြစ်သည်။*

### ရာပေးလ်နာဒယ်နှင့် မာရေး ဆုံတွေ့ဖွယ်

*အသက် ၂၃နှစ်အရွယ်ရှိ ဗြိတိသျှအဆင့်(၁) တင်းနစ်သမား အန်ဒီမာရေးသည် ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ ကျင်းပလျက်ရှိသည့် ရော်ဂျာဖလား တင်းနစ်ပြိုင်ပွဲအကြို ဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့်(၁)တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်နှင့် ဆုံတွေ့ယှဉ်ပြိုင်ရဖွယ်ရှိကြောင်း၊ အကယ်၍ အနိုင်ရရှိပါက လက်ရှိ ကနေဒါအိုပင်း တင်းနစ်သရဖူပိုင်ရှင် မာရေးအနေဖြင့် ၁၅နှစ်တာကာလအတွင်း သရဖူကာကွယ်နိုင်သည့် ပထမဦးဆုံး တင်းနစ်သမားတစ်ဦး ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။*

### လီဗာပူးမှ ရေနာအား စာချုပ်ရန် အာဆင်နယ်ကြိုးပမ်း

*အာဆင်နယ်အသင်းသည် လီဗာပူး ဂိုးသမား ပီပီရေနာအား ပေါင် ၂၃သန်းဖြင့် စာချုပ်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။*

### ဝီဂန်မှ ကိုမက်စ်အား ကာဒစ်ဖ် အငှားစာချုပ်

*ဝီဂန်အသင်းမှ ဝေလလက်ရွေးစင် ကွင်းလယ်ကစားသမားဟောင်း ဂျာဆန်ကိုမက်စ်အား ကာဒစ်ဖ်အသင်းက တစ်ရာသီအငှားစာချုပ် ချုပ်ဆိုလိုက်သည်။*

### မူအမ်ဘာ ဘော်လ်တန်နှင့် လေးနှစ်စာချုပ်

*ဘော်လ်တန် ကွင်းလယ်ကစားသမား ဖက်ဘရစ်မူအမ်ဘာသည် အသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်သစ် ထပ်မံချုပ်ဆိုခဲ့သည်။*

### ဝါရှင်တန် တင်းနစ်ပြိုင်ပွဲ ဘက်ချ်ဒါတစ် ဗိုလ်လုပွဲတက်

*အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ ကျင်းပလျက်ရှိသော လက်ဂ်မက်ဆန် ကလပ်တင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်တွင် တင်းနစ်သမား မားကို့စ်ဘက်ချ်ဒါတစ်သည် ပြိုင်ဘက် ဆိုက်ပရက်စ်တင်းနစ်သမား ဓာဗီယာမာလစ်ဆီအား ၆-၂၊ ၇-၆ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။ ။ (အင်တာနက်)*

# မန်ယူလူငယ်တွေ အသင့်အနေအထားဖြစ်နေပါပြီ (ဖာဂူဆန်)

# ပြင်ဆင်မှုတွေထပ်ပြီး ပြုလုပ်ရဦးမှာပါ (အန်ဆယ်လော့တီ)

❖ စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ❖

❖ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း) ❖

လန်ဒန် ဩဂုတ် ၉

၂၀၁၀-၂၀၁၁အင်္ဂလိပ်ဘောလုံးရာသီအကြို ကွန်မြူနတီဒိုင်းပြိုင်ပွဲကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ဝင်ဘလေအားကစားကွင်း၌ ဩဂုတ် ၈ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူတို့က သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရပြီး ကွန်မြူနတီဒိုင်းကို ကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့သည်။ ရာသီအကြိုပွဲစဉ်၌ မန်ယူတို့ တာထွက်ကောင်းသည့် နိမိတ်ဆောင်ခဲ့ပြီဖြစ်ရာ ကွန်မြူနတီဒိုင်းပြိုင်ပွဲအပြီး မန်ယူနှင့် ချယ်လ်ဆီးနှစ်သင်းတို့မှ နည်းပြနှစ်ဦးနှင့် ဂိုးသွင်းယူခဲ့သူ နှစ်ဦးတို့၏ သတင်းထောက်များနှင့် တွေ့ဆုံပြောကြားမှုများကို ဖော်ပြရလျှင်-



မန်ယူနည်းပြ ဖာဂူဆန်။

**ဖာဂူဆန်**

"ဒီပွဲမှာတော့ ပေါလ်စခိုး အတော်လေးခြေစွမ်းပြကစားနိုင်ခဲ့တယ်။ ကစားကွက်ကို စီးထားနိုင်အောင် ကြိုးစားခဲ့တယ်။ မန်ယူရဲ့ လူငယ်တွေဟာ ပွဲထွက်ကစားသမား စာရင်းမှာ အချိန်မရွေး ထည့်သွင်းကစားရင် အသင့်အနေအထား ရောက်ရှိနေတယ်ဆိုတာ ဒီပွဲမှာ ပြသနိုင်ခဲ့တယ်လို့ ပြောရမှာဖြစ်ပါတယ်။ သူတို့တွေဟာ နိုင်ပွဲတွေရယူဖို့ စိတ်ဓာတ်ပြင်းပြနေကြပြီး စွမ်းဆောင်ရည်တွေ ပြသနိုင်ဖို့အတွက်လည်း အသင့်ဖြစ်နေကြ



မန်ယူလူငယ်တိုက်စစ်မှူး ဟာနန်ဒက်ဇ်။

ပါပြီ။ ဒီပွဲမှာ ဗလင်စီယာ အဖွင့်ဂိုးသွင်းယူလိုက်ကတည်းက ကျွန်တော်တို့ နိုင်ပွဲရမယ်လို့ ယုံကြည်ခဲ့တာပါ။ ဒါကလည်း ကျွန်တော့်ကစားသမားတွေ စွမ်းအားပြည့် ကြိုးစားခဲ့တာလည်း ပါဝင်ပါတယ်။ ဒီပွဲမှာ ထူးခြားတာကတော့ လူငယ်တိုက်စစ်မှူး ဟာနန်ဒက်ဇ်ဂိုးသွင်းနိုင်ခဲ့တာပါပဲ။ သူ့ရဲ့စွမ်းရည်ကို ကျွန်တော်တို့ မကြာခင်မှာ အပြည့်အဝ မြင်တွေ့ရတော့မှာပါ။ ကွန်မြူနတီဒိုင်းဟာ ကျွန်တော်တို့ ထိုက်ထိုက်တန်တန် ရယူနိုင်ခဲ့တာလို့ ဆိုချင်ပါတယ်။"

**အန်ဆယ်လော့တီ**

"ဒီပွဲမှာ ကျွန်တော့်ကစားသမားတွေရဲ့ လှုပ်ရှားမှုဟာ နှေးကွေးနေသလိုပါပဲ။ ဘောလုံးရာသီအကြိုပြိုင်ပွဲမှာ ဘောလုံးသမားတွေဟာ



ချယ်လ်ဆီး တိုက်စစ်မှူး ကာလူး။

ရှင်လန်းတက်ကြွမှုတွေနဲ့ ပြည့်နေရမှာပါ။ အခုပွဲရဲ့ အဆုံးသတ်ပိုင်းတွေမှာ အမှားတွေ၊ အားနည်းမှုနဲ့ လွဲချော်မှုတွေ အများကြီးရှိခဲ့ပါတယ်။ ဒါကြောင့် ပရီမီယာလိဂ်ပြိုင်ပွဲ မစတင်ခင်မှာ ပြင်ဆင်မှုတွေ ထပ်ပြီးပြုလုပ်နေကြရဦးမှာ ဖြစ်ပါတယ်။ ပထမပိုင်းပွဲချိန်အတွင်းမှာ မန်ယူကို ကျွန်တော်တို့ ထိထိရောက်ရောက် ဖိအားမပေးနိုင်ခဲ့ပါဘူး။ ဒီပွဲမှာ မန်ယူလူငယ်တွေ ကစားသွားတာ ကောင်းပါတယ်။ ကျွန်တော်တို့ ဒီပွဲမှာ အနိုင်မရခဲ့တာဟာ မိနစ်



ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီ။

၉၀အချိန်ပြည့် အင်အားမချဘဲ မကစားနိုင်ခဲ့တာကြောင့် ဖြစ်ပါတယ်။"

**ကာလူး**

"ဒီပွဲဟာ အခုလို ဂိုးသွင်းခံရမှုများအောင် မဖြစ်သင့်တဲ့ ပွဲပါပဲ။ ချေပဂိုး တစ်ဂိုးရရှိရေးအတွက် အတော်လေး ကြိုးစားခဲ့ရတယ်။ ကျွန်တော်တို့ အခွင့်အရေးကောင်းတွေ ရရှိခဲ့ပေမယ့် အသုံးမချနိုင်ခဲ့ကြဘူး။ အခုပွဲမှာ ဂိုးသွင်းယူနိုင်ခဲ့လို့ ဒီနှစ်ဘောလုံးရာသီမှာ မနှစ်ကထက်ပိုပြီး ဂိုးသွင်းယူနိုင်ပါလိမ့်မယ်။"

**ဟာနန်ဒက်ဇ်**

"မန်ယူအတွက် အခုလို ဂိုးသွင်းပေးနိုင်တာဟာ ကစားဖော်တွေကြောင့် ဖြစ်ပါတယ်။ ဒီပွဲမှာ ပါဝင်ကစားဖို့ နည်းပြကြီး ဖာဂူဆန် ရွေးချယ်ခဲ့တာကိုလည်း ကျေးဇူးတင်စရာပါပဲ။ ဒီပွဲမှာ ဂိုးစတင်သွင်းယူနိုင်ခဲ့လို့ ယုံကြည်မှုတွေရှိလာသလို မန်ယူအတွက် ဒီထက်ကြိုးစားပေးလိုတဲ့ စိတ်တွေဖြစ်ပေါ်နေပါပြီ။ ကွန်မြူနတီဒိုင်း ရရှိတာဟာ ခွန်အားအသစ်တွေ ဖြစ်ပေါ်စေတာတော့ အမှန်ပါပဲ"ဟု အသီးသီးပြောကြားသွားပါကြောင်း။ ။

ကိုးကား - အင်တာနက်

မြင့်မောင်စိုး - စုစည်းရေးသားသည်

### ကွင်းလယ်ကစားသမား ဒေကို ဘရာဇီးကလပ်သို့ ပြောင်းမည်

လန်ဒန် ဩဂုတ် ၉

ချယ်လ်ဆီးကွင်းလယ်ကစားသမားဒေကိုအား ဘရာဇီးကလပ် ဖလူမီနိစ်က စာချုပ်မည့်အကြောင်း ကြေညာလိုက်သည်။ အသက်၃၂နှစ်ရှိဒေကိုအား ရီယိုဒီဂျနေးရိုးအခြေစိုက် ဖလူမီနိစ်က နှစ်နှစ်စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း ၎င်း၏ ဝက်ဘ်ဆိုက်၌ ထွင့်တင်ထားသည်။ ဒေကိုသည် ၂၀၀၈ခုနှစ်က ဘာစီလိုနာမှ ချယ်လ်ဆီးသို့ ပေါင်ရှစ်သန်းဖြင့် ပြောင်းရွှေ့လာသူဖြစ်သည်။

ဘရာဇီးတွင် မွေးဖွားပြီး ပေါ်တူဂီနိုင်ငံသားအဖြစ် ခံယူခဲ့သည့် ဒေကိုအား ချယ်လ်ဆီးနည်းပြဟောင်း စကိုလာရီက ခေါ်ယူစာချုပ်ရန် ကြိုးစားနေခြင်းဖြစ်သည်။ ၎င်းသည် ၂၀၀၄ခုနှစ်က ပေါ်တိုအသင်းနှင့် တစ်ကြိမ်၊ ၂၀၀၆ခုနှစ်က ဘာစီလိုနာအသင်းနှင့်တစ်ကြိမ် ချန်ပီယံဆုဖလားများ ဆွတ်ခူးနိုင်ခဲ့သည်။ (အင်တာနက်)





### ဝယ်တာဝိတ်တန်း ချန်ပီယံခါးပတ်များ အလက်ဇန္ဒြား ရယူနိုင်ခဲ့

လန်ဒန် ဩဂုတ် ၉

အမေရိကန်လက်ဝှေ့သမား ဒေဗွန်းအလက်ဇန္ဒြားသည် ယူကရိန်း လက်ဝှေ့သမား အန်ဒရပ်ကိုတယ်နစ်အား အမှတ်ဖြင့်နိုင်ပြီး ၎င်း၏ဒဗလျူဘီစီနှင့် အိုင်ဘီအက်ဖ်ဝယ်တာဝိတ်တန်း ချန်ပီယံခါးပတ်များကို ပြန်လည်ရယူနိုင်ခဲ့သည်။

အလက်ဇန္ဒြားသည် ပထမ ငါးချီတွင် ကိုတယ်နစ်၏ တရစပ်ထိုးနှက်ချက်များကို မနည်းတိမ်းရှောင်ခဲ့ရသော်လည်း နောက်ပိုင်း၌ တွဲလုံးများဖြင့် မှန်မှန်ထိုးသတ်ခဲ့ရာ ကိုတယ်နစ် အထိနာခဲ့သည်။ နောက်ပိုင်းတွင် ကိုတယ်နစ် လက်ရည်ကျလာချိန် အလက်ဇန္ဒြားက ဖိထိုးနိုင်ခဲ့၍ ဒိုင်လူကြီးများက ၎င်းအား အမှတ်ဖြင့်အနိုင်ပေးခဲ့သည်။ (အင်တာနက်)

### ကမ္ဘာ့နံပါတ်တစ်နေရာ တိုက်ဂါးဝုဒ် စွန့်လွှတ်ခဲ့ရပြီ

အိုဟိုင်းယိုး ဩဂုတ် ၉

ကမ္ဘာကျော် ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်သည် အမေရိကန်နိုင်ငံ အိုဟိုင်းယိုး၌ ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့ချန်ပီယံ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အဆိုးရွားဆုံးရလဒ်ကြောင့် ကမ္ဘာ့နံပါတ်တစ်နေရာကို စွန့်လွှတ်ခဲ့ရသည်။

အဆိုပါပြိုင်ပွဲတွင် ဖီးလ်မိုက်ကယ်ဆင်က စတုတ္ထနေရာမှ ကမ္ဘာ့နံပါတ်တစ်နေရာသို့ ရောက်ရှိလာသည်။ တိုက်ဂါးဝုဒ်သည် ငါးနှစ်ကြာ ကမ္ဘာ့နံပါတ်တစ်နေရာကို စိုးမိုးထားနိုင်မှုမှာ ၎င်းပြိုင်ပွဲအပြီးတွင် အဆုံးသတ်ခဲ့ရသည်။ (အင်တာနက်)





### တင်းနစ်မယ် ဝင်နီယာစကီ ဒိန်းမတ်အိုးပင်းဖလား ဆွတ်ခူး

လန်ဒန် ဩဂုတ် ၉

ဒိန်းမတ်တင်းနစ်မယ် ဝင်နီယာစကီသည် ဒိန်းမတ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချက်သမ္မတနိုင်ငံမှ တင်းနစ်မယ် ကလာရာ ဇာကိုပါလော့ဗာအား အနိုင်ရပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

**ဆွတ်ခူး**

ကမ္ဘာ့နံပါတ်သုံးအဆင့်ရှိ ဝင်နီယာစကီသည် ယင်းပြိုင်ပွဲတွင် ၇၈ မိနစ်ကြာ ကစားခဲ့ရသည်။ ပြိုင်ပွဲအပြီး ၎င်းက ၆-၂၊ ၇-၆ (၇-၅)ဖြင့် အနိုင်ရကာ ချန်ပီယံဆုဖလား ဆွတ်ခူးရရှိခဲ့သည်။ (အင်တာနက်)

# မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့

## ကျန်းမာရေးအသိပညာပေး ကွင်းဆင်းဟောပြော

နေပြည်တော် ဩဂုတ် ၉

မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်၊ မော်လမြိုင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်ဆွေ၊ မော်လမြိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မွန်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများသည် ဇူလိုင် ၂၉ရက်တွင် မော်လမြိုင်မြို့ မုပွန်ရပ်ကွက် သာသနာ့ဇောတိကဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့သွားရောက်၍ ကျန်းမာရေး အသိပညာပေးဟောပြောပြီး ကျောင်းသုံး စာရေးကိရိယာ၊ အဝတ်အထည်၊ ဆန်၊ ဆီ၊ ကြက်သွန်၊ လျှဖွယ်ပစ္စည်းများနှင့် ဆေးစိမ်ခြင်ထောင်အလုံး ၂၀တို့ကို ကျောင်းထိုင်ဆရာတော်ထံ လှူဒါန်းကြသည်။

### ပညာပေးဟောပြော

အဆိုပါ ဟောပြောပွဲတွင် မော်လမြိုင်မြို့နယ် ကျောင်းကျန်းမာရေးဆရာဝန် ဒေါက်တာမာမာအေးက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး၊ သန်ကောင်ရောဂါအကြောင်းနှင့် အာဟာရအုပ်စု သုံးအုပ်စု ညီညွတ်မျှတစွာ စားသုံးတတ်ရေးအတွက် ပညာပေး ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# မက္ကာဒေးမီးယားစိုက်ပျိုးရေး နောင်ချိုတွင်ပညာပေး

နောင်ချို ဩဂုတ် ၄

မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း စီမံကိန်းမန်နေဂျာ ဦးအေးဇော်ခေါင်းဆောင်သော ရွှေဖြူမိုး ရော်ဘာစိုက်ပျိုးရေးကုမ္ပဏီလီမိတက်မှ မက္ကာဒေးမီးယားစိုက်ပျိုးရေး ခြံတာဝန်ခံ ဦးလှသိန်းနှင့်အဖွဲ့သည် ဇူလိုင် ၂၀ရက်က နောင်ချိုမြို့နယ် အထက်ကြူအင်းအုပ်စုနှင့် မြောက်ကုန်းကြီးအုပ်စုများ၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ မက္ကာဒေးမီးယားစိုက်ပျိုးမည့် နည်းစနစ်နှင့် ကြားသီးနှံစိုက်ပျိုးနိုင်ရေးကို ညှိနှိုင်းဆွေးနွေးကြသည်။ (အပေါ်ပုံ)

### ဆက်သွယ်မည်

အထက်ပါဆွေးနွေးပွဲတွင် စီမံကိန်းမန်နေဂျာဦးအေးဇော်က ဒေသခံတောင်သူများကို မက္ကာဒေးမီးယားပင်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အိမ်ခြံဝင်းအတွင်း အလှပင်အဖြစ် လည်းကောင်း၊ လေကာပင်အဖြစ် လည်းကောင်း (၁၆×၁၆) ပေပတ်လည်အကွာအဝေးအဖြစ် စိုက်ပျိုးနိုင်ကြောင်းဆွေးနွေးသည်။ လိုအပ်သောမျိုးနှင့် နည်းပညာများကို စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန(နှစ်ရှည်ပင်လုပ်ငန်း) မက္ကာဒေးမီးယား စိုက်ပျိုးရေးစီမံကိန်းရုံး အုပ်မွခါး နောင်ချိုမြို့သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



# ကျေးရွာစာကြည့်တိုက်များ လုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

လင်းခေး ဩဂုတ် ၆

လင်းခေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအယ်လ်စိုးထန်တူးနှင့် ဓာတ်ပုံကျွမ်းကျင်-၂ ဦးစိုင်းဇော်လတ်တို့သည် ဩဂုတ် ၃ရက်က မိုင်းပန်မြို့နယ်၏ စံ(၅)ရပ်ညီ ကျေးရွာစာကြည့်တိုက်များ ဆောင်ရွက်ပြီးစီးမှုနှင့် မိမိတို့ဌာနလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

### စစ်ဆေး

ရှေးဦးစွာ ခရိုင်ဦးစီးမှူးသည် မိုင်းပန်မြို့နယ်ရုံးတွင် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများကိုတွေ့ဆုံပြီး စာကြည့်တိုက်အတွင်းရှိ စာအုပ်များ၊ စာငှားကတ်စနစ် ဆောင်ရွက်နေမှုများကို စစ်ဆေးသည်။

ဆက်လက်၍ ညနေ ၃နာရီတွင် ခရိုင်ဦးစီးမှူး၊ မိုင်းပန်မြို့နယ်ဦးစီးမှူး ဦးသန်းမြင့်၊ မိုင်းပန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဝင်းအောင်တို့သည် ခရိုင်မြေစာရင်းဦးစီးမှူး ဦးမြင့်ဦး၊ မိုင်းပန်မြို့နယ် မြေစာရင်းဦးစီးမှူး ဦးထွန်းမြင့်တို့နှင့်အတူ မိုင်းပန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အသစ်တည်ဆောက်မည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (ခရိုင် ပြန်/ဆက်)



# ယာဉ်စည်းကမ်းအသိပညာပေး

## ကလောမြို့နယ်တွင် ဟောပြော

ကလော ဩဂုတ် ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ထိန်လင်းမောင်နှင့်အဖွဲ့သည် ကလော-မိတ္ထီလာကားလမ်းပေါ်ရှိ ဝက်ဖြူရေကျေးရွာအုပ်စုအတွင်း ရေယားကျေးရွာ၊ ရေယောင်းမကျေးရွာနှင့် ဝက်ဖြူရေကျေးရွာများရှိ အဝေးပြေးလမ်း၌ ယာဉ်တိမ်းမှောက်မှုအဖြစ်များသည့် တောင်ပေါ်အတက်အဆင်းလမ်းများတွင် ယာဉ်မတော်တဆမှုများ မဖြစ်စေရန် ဇူလိုင် ၂၂ရက် မွန်းလွဲ ၁နာရီက ယာဉ်စည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောခဲ့သည်။ (အပေါ်ပုံ) (၁၈၉)

# ချောင်းကူးတံတား တည်ဆောက်

တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် ကံပိုင်ချောင်းကူးတံတား အမှတ်(၁)တည်ဆောက်ပြီးစီးမှုကို ဇူလိုင် ၅ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ကြည့်ရှုစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဖော်ဇံနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စန်းစန်းအေးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)





# စပေါင်းစိုက်ပျိုး

မသန်စွမ်းသူများအတွက် ဆောင်ရွက်ပေးလျက်ရှိသော ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)မှ ဥက္ကဋ္ဌ ဦးမြတ်သူဝင်း ဦးဆောင်သော မသန်စွမ်းသူ ၁၉၁ဦး ပါဝင်သည့် အဖွဲ့သည် ဇူလိုင် ၂၆ရက်က ရန်ကုန်မြို့ရှိ လှော်ကားဥယျာဉ်သို့ သွားရောက်လှေ့လာပြီး သစ်ပင်မျိုးစုံ ၁၀၀၀ကို စုပေါင်းစိုက်ပျိုးပေးကြစဉ်။

(မြန်မာ့အလင်း)

# စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ

## ပြည်ခရိုင် ပန်းတောင်းမြို့နယ်၌ကျင်းပ

ပန်းတောင်း ဩဂုတ် ၂

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဒေါင်းမြတ်နားကျေးရွာအုပ်စု နဝဒေးတံတား ချဉ်းကပ်လမ်း မိုင်တိုင် အမှတ်(၆/၄)၌ ဇွန် ၂၆ရက် နံနက် ၈နာရီကကျင်းပရာ ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများနှင့် မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများ အင်အား ၆၀၀ကျော်တက်ရောက်၍ ကျွန်းပင် ၆၀၀နှင့် ယူကလစ်ပင် ၆၀၀ စုစုပေါင်းအပင် ၁၂၀၀တို့ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ (အောက်ဝဲပုံ)

(မြို့နယ် ပြန်/ဆက်)

# မွေးမြူရေးလုပ်ငန်းများ ရှမ်းရိုးမမွေးမြူရေးဇုန်၌ တိုးတက်အောင်မြင်

တောင်ကြီး ဩဂုတ် ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဒေါက်တာဝင်းမြင့် (အောက်ပုံ)နှင့် ခရိုင်နှင့်မြို့နယ် တာဝန်ရှိသူများ ကြီးကြပ်စောင့်ရှောက်လျက်ရှိသော ညောင်ရွှေမြို့နယ် တီလောကျေးရွာအုပ်စုရှိ ရှမ်းရိုးမမွေးမြူရေးဇုန်တွင် ဇူလိုင် ၁၆ရက်က ဒေသနွားမျိုးနှင့် ဖရီးရှန်နို့စားနွားမျိုးရည် အသုံးပြု၍ မေထုန်မဲ့သားစပ်နည်းဖြင့် ကိုယ်ဝန်ဆောင်ရက် ၂၇၉ရက်ဖြင့် ၅၀ရာခိုင်နှုန်းအဆင့်ရှိ ဖရီးရှန်နို့စားနွားမလေး တစ်ကောင်မွေးဖွားပေးခဲ့ကြောင်း သိရသည်။ အဆိုပါမွေးမြူရေးဇုန်တွင် ဖရီးရှန်နို့စားနွားမွေးမြူရေးလုပ်ငန်း၊ ဒေသနွားမွေးမြူရေးလုပ်ငန်း၊ ဥစားကြက်မွေးမြူရေးလုပ်ငန်းများနှင့် ဒေသဆိတ်မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဖရီးရှန်နို့စားနွား ၃၆ကောင်၊ ဒေသဆိတ်ကောင်ရေ ၁၇၀နှင့် ဥစားကြက်ကောင်ရေ ၁၃၃၈၀၀ရှိပြီး ဒေသနွားများလည်း မွေးမြူထားရှိသည်။ ယခုအခါ နို့စားနွားမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို မွေးမြူရေးဇုန်အတွင်း ဦးတည်ဆောင်ရွက်လျက်ရှိရာ ဖရီးရှန်နို့စားနွားကလေးများ စဉ်ဆက်မပြတ်ပေါက်ဖွားလျက်ရှိသဖြင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်လျက်ရှိကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)



မြို့နယ်သတင်းထွေထွေ



## စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့်တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းများ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းလျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ(၂၁)ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-
- (၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ၊**
- (၂) **ဇီဝဗေဒ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ၊**

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ(၂၁)ရက်နေ့**တွင်အောက်ပါအတိုင်းဖြေဆိုရမည်-
- (၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ၊**
- (၂) **သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ၊**

(ဂ) **စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ(၂၂)ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-
- (၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ၊**
- (၂) **သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ၊**

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုရမည်-

(က) **နေပြည်တော်** အမှတ်(၇)တည်ဆောက်ရေးစခန်း၊ ရွာတော်၊
(ခ) **မြစ်ကြီးနားမြို့** တပ်နယ်ခန်းမ၊
(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ၊
(ဃ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ၊
(င) **တောင်ကြီးမြို့** သံလွင်ခန်းမ၊
(စ) **မော်လမြိုင်မြို့** ရွှေနတ်တောင်၊ တပ်မတော်အထက၊
(ဆ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်အားကစားခန်းမ၊
(ဇ) **အမ်းမြို့** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ၊
(ဈ) **မုံရွာမြို့** အထက(၂)အလုံ၊ တပ်မတော်ကျောင်း၊
(ည) **ရန်ကုန်မြို့**
- (၁) **စစ်တက္ကသိုလ်**ဗိုလ်လောင်းများအတွက်
  - (ကက) ခုံအမှတ်(၁) မှ (၁၃၀၀) အထိ - အထက(၂) မင်္ဂလာဒုံ၊
  - (ခခ) ခုံအမှတ်(၁၃၀၁) မှ (၂၆၀၀) အထိ - ပညာရေးကောလိပ်လေ့ကျင့်ရေးအလယ်တန်းကျောင်း ရန်ကင်း၊
  - (ဂဂ) ခုံအမှတ်(၂၆၀၁) မှ နောက်ဆုံး - အထက(၄) မင်္ဂလာဒုံ၊
- (၂) **တပ်မတော်ဆေးတက္ကသိုလ်**ဗိုလ်လောင်းများအတွက် - အထက(၂) မင်္ဂလာဒုံ၊
- (၃) **တပ်မတော်နည်းပညာတက္ကသိုလ်**ဗိုလ်လောင်းများအတွက်
  - (ကက) ခုံအမှတ်(၁) မှ (၁၃၀၀) အထိ - အထက(၂) မင်္ဂလာဒုံ၊
  - (ခခ) ခုံအမှတ်(၁၃၀၁) မှ (၂၆၀၀) အထိ - ပညာရေးကောလိပ်လေ့ကျင့်ရေးအလယ်တန်းကျောင်း ရန်ကင်း၊
  - (ဂဂ) ခုံအမှတ်(၂၆၀၁) မှ နောက်ဆုံး - အထက(၄) မင်္ဂလာဒုံ၊

(ဋ) **ပုသိမ်မြို့**
- (၁) **စစ်တက္ကသိုလ်**ဗိုလ်လောင်းများအတွက်
  - (ကက) ခုံအမှတ်(၁) မှ (၂၀၀) အထိ - တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ၊
  - (ခခ) ခုံအမှတ်(၂၀၁) မှ နောက်ဆုံး - တပ်နယ်အားကစားရုံ၊
- (၂) **တပ်မတော်ဆေးတက္ကသိုလ်**ဗိုလ်လောင်းများအတွက် - တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ၊
- (၃) **တပ်မတော်နည်းပညာတက္ကသိုလ်**ဗိုလ်လောင်းများအတွက်
  - (ကက) ခုံအမှတ်(၁) မှ (၂၀၀) အထိ - တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ၊
  - (ခခ) ခုံအမှတ်(၂၀၁) မှ နောက်ဆုံး - တပ်နယ်အားကစားရုံ၊

(ဌ) **မန္တလေးမြို့**
- (၁) **စစ်တက္ကသိုလ်**ဗိုလ်လောင်းများအတွက်
  - (ကက) ခုံအမှတ်(၁) မှ (၁၄၀၀) အထိ - အထက(၁၈) နန်းတွင်း၊
  - (ခခ) ခုံအမှတ်(၁၄၀၁) မှ (၁၉၃၀) အထိ - အမက(၆) နန်းတွင်း၊
  - (ဂဂ) ခုံအမှတ်(၁၉၃၁) မှ နောက်ဆုံး - အမက(၅) နန်းတွင်း၊
- (၂) **တပ်မတော်ဆေးတက္ကသိုလ်**ဗိုလ်လောင်းများအတွက် - အထက(၁၈) နန်းတွင်း၊
- (၃) **တပ်မတော်နည်းပညာတက္ကသိုလ်**ဗိုလ်လောင်းများအတွက်
  - (ကက) ခုံအမှတ်(၁) မှ (၁၄၀၀) အထိ - အထက(၁၈) နန်းတွင်း၊
  - (ခခ) ခုံအမှတ်(၁၄၀၁) မှ (၁၉၃၀) အထိ - အမက(၆) နန်းတွင်း၊
  - (ဂဂ) ခုံအမှတ်(၁၉၃၁) မှ နောက်ဆုံး - အမက(၅) နန်းတွင်း၊

(ဍ) **တောင်ငူမြို့**
- (၁) **စစ်တက္ကသိုလ်**ဗိုလ်လောင်းများအတွက်
  - (ကက) ခုံအမှတ်(၁) မှ (၃၀၀) အထိ - တိုင်းစစ်ဌာနချုပ်၊ အေးချမ်းမြိုင်ခန်းမ၊
  - (ခခ) ခုံအမှတ်(၃၀၁) မှ နောက်ဆုံး - တစသ(၁၀)၊
- (၂) **တပ်မတော်ဆေးတက္ကသိုလ်**ဗိုလ်လောင်းများအတွက် - တိုင်းစစ်ဌာနချုပ်၊ အေးချမ်းမြိုင်ခန်းမ၊
- (၃) **တပ်မတော်နည်းပညာတက္ကသိုလ်**ဗိုလ်လောင်းများအတွက်
  - (ကက) ခုံအမှတ်(၁) မှ (၃၀၀) အထိ - တိုင်းစစ်ဌာနချုပ်၊ အေးချမ်းမြိုင်ခန်းမ၊
  - (ခခ) ခုံအမှတ်(၃၀၁) မှ နောက်ဆုံး - တစသ(၁၀)၊

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်စာစစ်ဌာနများတွင်ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန်အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့်ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာတိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးလက်မှတ်ကို တစ်ပါတည်းယူဆောင်လာရမည်။ နိုင်ငံသားစိစစ်ရေးလက်မှတ် တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

# နေပြည်တော်သို့ ဆင်ဖြူတော်ရတနာ ရောက်ရှိ

ဖူးမြော် ကြည်ညို

ဥပ္ပါတသန္တိစေတီတော်အား ဆင်ဖြူတော်ရတနာ လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။
(သတင်းစဉ်)



နေပြည်တော် ဩဂုတ် ၉

ဆင်ဖြူတော်ရတနာသည် အဖော်ဆင်များခြံရံလျက် မော်တော်ယာဉ်ဖြင့် ယနေ့ မွန်းလွဲ ၁နာရီ ၄၄မိနစ်တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်သို့ ရောက်ရှိလာသည်။

### ကြိုဆို

ဆင်ဖြူတော်ရတနာအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် မြို့တော်ဝန် ဦးသိန်းညွန့်၊ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်နှင့် သာသနာရေး ဝန်ကြီးဌာနဝန်ကြီး သူရဦးမြင့်မောင်တို့က အဘိနန္ဒနမင်္ဂလာအဖြစ် အန္တရာယ်ကင်းပရိတ်ရေများ၊ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း၍ ကြိုဆိုကြသည်။

### ကျွေးမွေး

ထို့နောက် ဆင်ဖြူတော်ရတနာသည် ဥပ္ပါတသန္တိစေတီတော်အား အဖော်ဆင်များနှင့်အတူ လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုရာ ပရိသတ်များက ဆင်ဖြူတော်ရတနာအား အစာအာဟာရများ ကျွေးမွေးကြသည်။

### ထုံးတမ်းစဉ်လာ

ယင်းနောက် ဆင်ဖြူတော်ရတနာသည် ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက်အရပ်ရှိ ဆင်ဖြူတော်ရတနာဆောင်သို့ အဖော်ဆင်များနှင့်အတူ ရောက်ရှိရာ တာဝန်ရှိသူများက အနန္တရာယိက မင်္ဂလာ(အန္တရာယ်ကင်းမင်္ဂလာ)၊ ဂေဟပဝေသနမင်္ဂလာ (အိမ်တက်မင်္ဂလာ)၊ ဘတ္တဘုဉ္ဇနမင်္ဂလာ (အစာခွံ့မင်္ဂလာ)၊ ရဝိန္ဒုဒဿနမင်္ဂလာ (နေလပြမင်္ဂလာ)နှင့် နာမကရဏမင်္ဂလာ(အမည်မှည့်မင်္ဂလာ)တို့ကို ထုံးတမ်းစဉ်လာနှင့်အညီ ဆောင်ရွက်ကြသည်။

*စာမျက်နှာ ၇ ကော်လံ ၅* ❍

**မှတ်သားဖွယ်ရာ မိုးရေချိန်များ ၉-၈-၂၀၁၀**

| | | | |
|---|---|---|---|
| ရွှေကျင်မြို့ | ၃ ဒသမ ၂၇ လက်မ | ရေးမြို့ | ၂ ဒသမ ၃၂ လက်မ |
| ကိုကိုးကျွန်း | ၂ ဒသမ ၄၈ လက်မ | ဘီးလင်းမြို့ | ၂ ဒသမ ၃၂ လက်မ |
| သထုံမြို့ | ၂ ဒသမ ၄၄ လက်မ | ဌမြို့ | ၂ ဒသမ ၀၅ လက်မ |